# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၇)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (8-4-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၄၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း၊ အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်**

စာမျက်နှာ - ၂၀

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ**

စာမျက်နှာ - ၁၆

# မဟာသင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် အထူးရထားများ တိုးချဲ့ပြေးဆွဲပေးမည်




နေပြည်တော် ဧပြီ ၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် မဟာသင်္ကြန် နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် ပုံမှန်ပြေးဆွဲလျက်ရှိသည့် ရထားများအပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်များကို အထူးရထားများ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်-နေပြည်တော် ရထားလမ်းပိုင်းတွင် အဆန်အထူး DEMU (စပိန်) ရထားသည် ရန်ကုန်မှ နံနက် ၆ နာရီခွဲတွင် စတင်ထွက်ခွာပြီး နေပြည်တော်သို့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ အစုန်အထူး DEMU (စပိန်)ရထားသည် နေပြည်တော်မှ မွန်းလွဲ ၁၂ နာရီခွဲတွင် စတင်ထွက်ခွာပြီး

စာမျက်နှာ ၂၆ ကော်လံ ၁




ရတနာပုံ
၂၀၁၆ ခုနှစ် ဧပြီ ၈ ရက်

အယ်ဒီတာ့အာဘော်

# ရိုးရာအစဉ်အလာများနှင့်အညီ ပါဝင်ဆင်နွှဲ အတာသင်္ကြန်ပွဲ

မြန်မာပြက္ခဒိန်၏ ဆယ့်နှစ်လတွင် တန်ခူးလသည် နှစ်သစ်၏ ပထမဆုံးလဖြစ်ပြီး မြန်မာတို့၏ နှစ်သစ်ကူးကာလဖြစ်သည်။ တန်ခူးသည် တာကူးဆိုသည့် ဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်ပြီး တာဆိုသည်မှာ အချိန်ရာသီ၊ ကူးဆိုသည်မှာ ကူးပြောင်းခြင်း အနက်ရှိသည်။ မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းသည်ကို အကြောင်းပြု၍ တာကူးမှတန်ခူးဟု ကာလရွေ့လျားခေါ်ဆိုလာကြကြောင်း မှတ်သားရပါသည်။

မကြာမီအချိန်တွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ရောက်ရှိတော့မည်ဖြစ်သည်။ အတာသင်္ကြန်ပွဲတော်သည် မြန်မာနိုင်ငံသားအားလုံး အပျော်ရွှင်ဆုံး၊ အတက်ကြွဆုံး၊ အမြတ်နိုးဆုံး ထိန်းသိမ်းဆင်နွှဲနေသည့် ပွဲတော်ဖြစ်သည်။ မြန်မာတို့၏ ဆယ့်နှစ်ရာသီပွဲတော်များတွင် သင်္ကြန်ပွဲတော်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပါဝင်ဆင်နွှဲသည့် အစည်ကားဆုံးပွဲတော်တစ်ခုလည်းဖြစ်သည်။ မြန်မာတို့၏ နှစ်သစ်ကူးပြောင်းသည့် မင်္ဂလာရှိသောအချိန်အခါသမယတွင် နှစ်ဟောင်းမှအညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်ပြီး နှစ်သစ်သို့ မင်္ဂလာရှိစွာကူးပြောင်းကြမည်ဖြစ်သည်။

ယခုအခါ မြန်မာတို့၏ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် တရားဝင်ပါဝင်နိုင်ခဲ့ပြီဖြစ်သည်။ ထိုသို့ ပါဝင်နိုင်ခဲ့ခြင်းကြောင့် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာကပိုမိုသိရှိလာပြီဖြစ်သည့်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ နိုင်ငံသူ နိုင်ငံသားများက မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ယဉ်ကျေးသိမ်မွေ့စွာ ထုတ်ဖော်ပြသကြရမည်ဖြစ်သည်။ ထို့ပြင် မျိုးဆက်သစ်နောင်လာနောက်သားများကိုလည်း အတာသင်္ကြန်ကို ရိုးရာမပျက်ထိန်းသိမ်းဆင်နွှဲကာ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေးအတွက် ပြည်သူအားလုံးကဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ကြောင့် သင်္ကြန်ကာလအခါသမယတွင် မြန်မာလူမျိုးတို့သည် မြန်မာမှု၊ မြန်မာ့ဟန် မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ အေးချမ်းသာယာသော သင်္ကြန်ပွဲတော်အဖြစ်ဆင်နွှဲကြရန်လိုသည်။ အတာသင်္ကြန်ဆင်နွှဲရာတွင် ယဉ်ကျေးသိမ်မွေ့စွာ ရေကစားခြင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ခြင်း၊ ရေကစားမဏ္ဍပ်များတွင် အပျော်မှအပျက်မဖြစ်စေရေး ထိန်းထိန်းသိမ်းသိမ်းဖြင့် ပျော်ရွှင်စွာ ရေကစားခြင်း၊ အရက်သေစာသောက်စားပြီး မူးယစ်ရမ်းကားခြင်း၊ ရန်ပွဲများဖြစ်ပွားခြင်းတို့ကို ရှောင်ကြဉ်ခြင်းဖြင့် ဆင်နွှဲသင့်ပေသည်။

ထို့ပြင် မြန်မာနိုင်ငံသားအားလုံးအနေဖြင့် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို လေးစားတန်ဖိုးထားကာ အေးချမ်းသာယာပြီး တန်ဖိုးရှိသော ပွဲတော်တစ်ရပ်အဖြစ် ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်တည်ရှိနေသော မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို တိုင်းရင်းသားပြည်သူများအားလုံးက မြတ်နိုးတန်ဖိုးထားပြီး ရေရှည်တည်တံ့စေရန်နှင့် လက်ဆင့်ကမ်းထိန်းသိမ်းနိုင်စေရန်အတွက် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲခြင်းအားဖြင့် ရိုးရာအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ဧက ၆၇၂၀ ထိ နုတ်သိမ်းပြီးစီးပြီဖြစ်



ကသာ ဧပြီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ဧက ၆၇၂၀ ထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၁၈၈၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၆၇၂၀ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၂ ဒသမ ၈၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကသာမြို့နယ်မှာ မြေပဲ ၃၁၈၈၄ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိ နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၆၇၂၀ နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန်၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက် အောင်စိုက်ပျိုးနိုင်ပါကဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ဘိုကလေး ဧပြီ ၇

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၀၀၀၀ သာ တင်ပို့ရောင်းချခဲ့ရပြီး မတ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့မတ်လအတွင်း ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးရှဉ့်တွေသိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ ဘိုကလေးမြို့နယ်ကနေ ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ထဲကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေကို ဆက်လက်ဖြန့်ဖြူးရောင်းချနေပါတယ်။ အခုလို ဝယ်ယူမှုအားကောင်းလာတော့ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေ၊ ရေလုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်" ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရသည့်ငါးရှဉ့်၁၀ ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# နတ်တလင်းမြို့နယ် လက်ပံကုန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

နတ်တလင်း ဧပြီ ၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကြောင်းကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျေးရွာရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လက်ပံကုန်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သုတ

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရေနံချောင်းမြို့နယ် တောင်ရှားတောကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ရေနံချောင်း မေ ၇**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝက်လွတ်ကျေးရွာအုပ်စု တောင်ရှားတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာသူ ကျေးရွာသားများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်ရှားတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နော်လူး**

# သနပ်ပင်မြို့နယ် ကျီးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် မေ ၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျီးပင်ကျေးရွာအုပ်စု ကျီးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျီးပင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံရန်ပုံငွေကျပ် ၄၇၉ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ကျီးပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို ရန်ပုံငွေကျပ် ၄၇၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောကုလားပဲ ၂၉၁၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရေဦး မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ၂၉၁၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၉၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၉၁၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧက လျှင် ၂၂ ဒသမ ၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၄၉၈၅ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၂၉၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် ကံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း မေ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့်ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို မေ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၉ ဒသမ ၁၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကံကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၁ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၁၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း နှံ့ကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း မေ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း နှံ့ကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းက နှံ့ကားစပါးတင်းရေ ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း နှံ့ကားစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်နဲ့ ပုသိမ်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ်လအတွင်းမှာ စပါးတင်းရေပိုမို တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဧပြီလထဲမှာလဲ နှံ့ကားစပါးကို အများအပြားဝယ်ယူဖို့ ကမ်းလှမ်းချက် ရရှိထားပါတယ်။ အခုလို စပါးတွေ၊ ဆန်တွေ အရောင်းအဝယ်ကောင်းလာပြီး ရန်ကုန်ဈေးကွက်ကို အများအပြားတင်ပို့ရောင်းချခဲ့ရတော့ စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး အဆင်ပြေလာပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ထွက်ရှိသည့် နှံ့ကားစပါးအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိပြီး အဆိုပါ နှံ့ကားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၃၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# ပုဂံကျောက်စာများထဲက ခရိုင်နှင့် တိုက်

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာရာဇဝင်ကျမ်းများ၌ ပုဂံမင်းဆက်တွင် သမုဒ္ဒရာဇ်မင်းမှ စောမွန်နစ်မင်းထိ မင်း ၅၅ ပါး စိုးစံခဲ့ကြောင်း ပြဆိုကြသည်။ သို့သော် ပုဂံမင်းဆက်ကို ဖော်ပြရာတွင် ရာဇဝင်ကျမ်းတစ်ခုနှင့် တစ်ခုကွဲလွဲမှုများရှိနေကာ တွင်းသင်းမြန်မာရာဇဝင်သစ်တွင် ဘုရင် ၅၆ ပါးနှင့် မှုံရွေးမဟာရာဇဝင်ကျော်တွင် ဘုရင် ၅၈ ပါး ပြဆိုထားသည်။

ရှေးအစဉ်အလာ ယူဆချက်များအရ ခရစ်နှစ် ၁၀၇ ခုနှစ်တွင် ယုန်လွှတ်ကျွန်းအရပ်၌ သမုဒ္ဒရာဇ်မင်းသည် ရွာ ၁၉ ရွာကိုစုစည်းပြီး ပုဂံကို စတင်တည်ထောင်ခဲ့သည်။ ပုဂံကို လေးကြိမ်တည်ခဲ့သည်ဟု အဆိုရှိခဲ့ကာ လက်ရှိပုဂံကို ပျဉ်ပြားမင်း (၈၄၆-၈၇၆) က ခရစ်နှစ် ၈၄၉ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် စတုတ္ထအကြိမ်တည်ခဲ့ကြောင်း ဇာတာတော်ပုံရာဇဝင်ကျမ်းတွင် ဖော်ပြထားသည်။

ပျဉ်ပြားမင်းမတိုင်မီက ပုဂံ၏ခိုင်မာသော အထောက်အထားများကို မတွေ့ရှိရသေးဘဲ ပုဂံကို စတုတ္ထအကြိမ်တည်ပြီးသည့် နောက်ပိုင်းမှစ၍ ပုဂံ အထောက်အထားကျောက်စာ၊ မင်စာများ တဖြည်းဖြည်းပြည့်စုံလာခဲ့ရာ အနော်ရထာမင်း(၁၀၄၄-၁၀၇၇) လက်ထက်မှစ၍ ကျောက်စာအထောက်အထားများကို အများအပြား ရေးထိုးခဲ့ကြသည်။

မြန်မာရာဇဝင်ကျမ်းများတွင် သရေခေတ္တရာမင်းဆက်မှအစပြုကာ မြန်မာမင်းဆက်များကိုဖော်ပြကြသည်။ သို့သော် ပုဂံခေတ်၊ အနော်ရထာလက်ထက်တွင် ကျယ်ပြန့်သော ပထမမြန်မာနိုင်ငံတော်ကို ထူထောင်နိုင်ခဲ့ကာ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံမှု၊ ဗုဒ္ဓသာသနာနှင့် စာပေအရေးအသားများ ပီပြင်လာခဲ့သည်။

ပုဂံခေတ်အုပ်ချုပ်ရေးသည် အနော်ရထာမင်း လက်ထက်မှစ၍ ခိုင်မာလာခဲ့သည်။ ပုဂံခေတ်တွင် သက်ဦးဆံပိုင် ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးသဖြင့် ဘုရင်သည် အာဏာအရပ်ရပ်ကို ကိုင်တွယ်ထိန်းချုပ်ထားသူဖြစ်သည်။ သို့သော် ပြည်သူများ၏ အကျိုးစီးပွားသည် အုပ်ချုပ်သူတွင် တာဝန်ရှိသည်ဟု ခံယူခဲ့ခြင်းကို စိုက်ပျိုးရေးလုပ်ငန်းအတွက် ဆည်၊ တမံ၊ ချောင်း၊ကန်များပြုလုပ်တူးဖော်ပေးခြင်းကိုထောက်ဆ၍ သိနိုင်သည်။

ထို့ကြောင့် ပုဂံကျောက်စာများတွင် ဘုရင်ကို ရေမြေခပ်သိမ်းသော၊ သခင်ဖြစ်သော၊ မြတ်စွာသော မင်းကြီးဟု ရေးထိုးခဲ့ကြသည်။ သို့သော် အုပ်ချုပ်မှုအရပ်ရပ်ကို ဘုရင်တစ်ဦးတည်းက စွမ်းဆောင်၍ မရနိုင်သဖြင့် မှူးကြီးမတ်ကြီးအဆင့်မှ မြို့ရွာအုပ်ချုပ်သူများအဆင့်ထိ တာဝန်ခံပုဂ္ဂိုလ်အသီးသီးက တာဝန်ယူခဲ့ကြသည်။

ပုဂံအုပ်ချုပ်မှုစနစ်အရ နယ်မြေဒေသများကို စီမံအုပ်ချုပ်နိုင်ရန် ခရိုင်နှင့် တိုက်များရှိခဲ့ရာ ကျောက်စာများတွင် ခရိုင်နှင့်တိုက်ဟူသည့် နယ်မြေဒေသ သတ်မှတ်ချက် အသုံးအနှုန်းများကို တွေ့ရှိရသည်။ ပုဂံကျောက်စာများတွင် ခရိုင်ကို ခရိုန်ဟု သုံးနှုန်းခဲ့ကြသည်။

**ကျောက်စာထဲက ခရိုင်နှင့်တိုက်**

ပုဂံခေတ်တွင် မြန်မာဘုရင်တို့၏ အုပ်ချုပ်ရေးသည် လက်ရှိ ပထဝီအနေအထားအရ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှုလောက်သာဖြစ်သည်ဟု သမိုင်းပညာရှင် ဒေါက်တာတိုးလှက မှန်းဆခဲ့သည်။ အုပ်ချုပ်မှု အငယ်ဆုံးနေရာသည် ရွာဖြစ်၍ ရွာမှတစ်ဆင့်တက်၍ ရပ်၊ ခွင်၊ ခရိုင်၊ တိုက် စသည်ဖြင့် ဆင့်ပွားအုပ်ချုပ်ခဲ့ဟန်ရှိသည်ဟုလည်း ဆိုသည်။

ကျောက်စာအထောက်အထားများတွင် ခရိုန်ကို လယ်တွင်း ၁၁ ခရိုင်၊ စလင်း ခြောက်ခရိုင်နှင့် တောင်ပြုန်းခရိုင် စသည်ဖြင့် တွေ့ရသည်။ ပုဂံခေတ် မြန်မာကျောက်စာများပါ ဝေါဟာရများလေ့လာချက် စာအုပ်တွက် ခရိုင်(ခရိုန်)ကို မြန်မာမင်းများ လက်ထက်က မြို့ သို့မဟုတ် ရွာနှင့် ၎င်းတို့အုပ်ချုပ်သော လက်အောက်ခံနယ်မြေအပိုင်းအခြားဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ တိုက်ကိုမူ အဓိပ္ပာယ်ဖွင့်ဆို ထားခြင်းမရှိပေ။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ခရိုင်ကို ဖွင့်ဆိုချက် လေးခုပေးသည့်အနက် အုပ်ချုပ်ရေးနှင့် သက်ဆိုင်သည့် ဖွင့်ဆိုချက်ကို ရွာအများ၊ မြို့အများကို စုပေါင်း၍ ဝန်တစ်ဦးက အုပ်ချုပ်ရသော နယ်မြေအပိုင်းအခြား၊ စီရင်စု၊ ဒိစတြိတ်ဟုပြဆိုကာ ဥပမာအဖြစ် "ထီးတစ်စင်းဆောင်းသော မင်းတို့နိုင်ငံတွင် ခရိုင်အသီးသီးတို့ကိုကား ဇနပုဒ်ဟူသတည်း" ဟု ဖော်ပြထားသည်။

သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ခရိုင်သည် မြန်မာနိုင်ငံအတွင်း၌ မြန်မာတို့ စတင်နေထိုင်ရာ ပထမအရပ်ဖြစ်၍ တိုက်သည် ဒုတိယအရပ်ဖြစ်သည်ဟု ဖွင့်ဆိုခဲ့သည်။ ဒေါက်တာတိုးလှ၏ သုံးသပ်ချက်အရ ကျောက်စာပါ ခရိုင်ဒေသများသည် ဆည်ရေဖြင့် စပါးစိုက်ပျိုးသည့် အရပ်များဖြစ်သည်။ ထို့ကြောင့် ခရိုင်သည် စပါးကိုရေသွင်းစိုက်ပျိုးခဲ့သည့် မူလနေရာများဟု ဆိုနိုင်မည်ထင်ကြောင်း ရေးသားခဲ့သည်။

ကျောက်စာပါ ခရိုင်များအနက် မြစ်သား ၁၁ ခရိုင်သည် ထင်ရှားသည်။ ခရိုင်နှင့် တိုက်အသုံးအနှုန်းသည် နရပတိစည်သူမင်း (၁၁၆၅-၁၂၁၁) လက်ထက်တွင် အသုံးတွင်ကျယ်ခဲ့သည်။ နရပတိစည်သူရေးထိုးသည့် စူဠာမဏိဘုရားကျောက်စာနှင့် ဓမ္မရာဇိကဘုရား ကျောက်စာတို့တွင် ထိုအသုံးအနှုန်းများကို စတင်တွေ့ရှိရသည်။

သက္ကရာဇ် ၅၄၅ ခုနှစ်တွင် ရေးထိုးခဲ့သည့် စူဠာမဏိဘုရားကျောက်စာတွင် မြေလှူသည့်နေရာများကို ရေးထိုးထားရာ ပင်လဲခရိုန်(ပင်လယ်ခရိုင်)၊ ပွဲသည်မနာခရိုန်(ပျဉ်းမနားခရိုင်)၊ ရင့်န်ခရိုန်၊ မြင်ခုန်တိုင်ခရိုန်၊ ပနန်ခရိုန်၊ တမုတ်ခရိုန်၊ သင်တောင်ခရိုန်၊ ခံမွှခရိုန်၊ တမာခါတိုက်၊ လတုယ်တိုက်ဟူသည့် နယ်မြေအပိုင်းအခြားအမည်များပါရှိခဲ့သည်။

ထို့အတူ ခွင်၊ ခရိုန်နှင့် တိုက်များကို သက္ကရာဇ် ၅၅၈ ခုနှစ်တွင် ရေးထိုးသည့် ဓမ္မရာဇိကကျောက်စာတွင် တွေ့ရှိရသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်၏ ဖွင့်ဆိုချက်အရ ခွင်သည် သတ်မှတ်ထားသောနေရာ၊ နယ်ပယ်၊ အရပ်ဒေသ၊ အပိုင်းအခြား၊ အကွက်အကန့်ဖြစ်သည်။ ဥပမာအဖြစ် "ထွန်တိုက်မင်း လယ်ထွန်သောအခါ နွားလန့်၍ ပြေးလေလျှင် ထွန်ခွင်ထဲဝယ်ကျ၍ အနိစ္စရောက်တော်မူ၏"ဟု ပြဆိုထားသည်။

**ဓမ္မရာဇိကဘုရားနှင့် နရပတိစည်သူ**

ခွင်၊ ခရိုင်၊ တိုက် အစရှိသည့် အသုံးအနှုန်းကို စတင်အသုံးပြုခဲ့သည့် ပုဂံဘုရင်နရပတိစည်သူ (၁၁၆၅-၁၂၁၁)သည် ကုလားကျမင်းဟုထင်ရှားသည့် နရသူမင်း(၁၁၆၀-၁၁၆၅)နှင့် မြောက်ပြင်သည် မိဖုရားတို့၏ သားတော်ဖြစ်သည်။

ပုဂံနှင့် သီဟိုဠ်ကျွန်းကြား ဆက်ဆံရေးမပြေမလည်မှုသည် နရသူမင်းလက်ထက်တွင် အစပြုခဲ့သည်။ သီဟိုဠ်ဘုရင် ပရာကြမဗာဟုမင်း (၁၁၅၃-၁၁၈၆)သည် သီဟိုဠ်နှင့် ပုဂံကြား မဟာမိတ်စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သည်။ ထိုကမ်းလှမ်းချက်ကို နရသူက ငြင်းပယ်ခဲ့သဖြင့် သီဟိုဠ်ဘုရင်သည် ရာမညပြည့်ရှင် ဘုဝနာဒိတျကိုတိုက်ခိုက်ရန် ၁၁၆၅ ခုနှစ် ဇွန် ၅ ရက်တွင် အမိန့်ထုတ်ပြန်ခဲ့သည်။ ရာမညပြည်သည် ပုဂံကိုဆိုလိုခြင်းဖြစ်၍ ဘုဝနာဒိတျသည် နရသူ၏ဘွဲ့ ဩိတြိဘုဝနာဒိတျ ဝရဓမ္မရာဇာဒါနာပတိ ဖြစ်သည်။

ထို့ကြောင့် သီဟိုဠ်သားများသည် သင်္ဘော ငါးစီးဖြင့် ပုသိမ်သို့ရောက်လာကြပြီး ပုဂံသို့ဆန်တက်ကာ နရသူကိုလုပ်ကြံပြီး ပုဂံကို ခေတ္တသိမ်းပိုက်ခဲ့ကြသည်။ သို့သော် ခမည်းတော်အနိစ္စရောက်ပြီး မကြာမီမှာပင် နရပတိစည်သူသည် ပုဂံထီးနန်းကိုဆက်ခံခဲ့သည်။

နရပတိစည်သူမင်းလက်ထက်တွင် ပုဂံနှင့် သီဟိုဠ်သည် ဆက်ဆံရေးကောင်းမွန်ခဲ့ဟန်ရှိကာ သက္ကရာဇ် ၅၅၉ ခုနှစ်တွင် နရပတိစည်သူသည် သီဟိုဠ်ဘုရင်ထံမှ စွယ်တော်နှင့်ဓာတ်တော်များကို အလှူခံခဲ့သည်။ သီဟိုဠ်ဘုရင်က သူ၏နိုင်ငံတွင်ရှိသည့် စွယ်တော်အဆူ ၃၀ အနက် လေးဆူကိုလှူဒါန်းခဲ့သဖြင့် စွယ်တော်နှင့်ဓာတ်တော်များကို ဌာပနာကာ ဓမ္မရာဇိကစေတီကို တည်ထားခဲ့သည်။ ထို့နောက် ကျောက်စာမှတ်တမ်းရေးထိုးကာ စေတီတွင် စိုက်ထူခဲ့သည်။

**ဓမ္မရာဇိကဘုရားကျောက်စာ**

ဓမ္မရာဇိကဘုရားကျောက်စာသည် နှစ်မျက်နှာထိုး ကျောက်စာဖြစ်၍ ရှေ့ဘက်မျက်နှာတွင် စာကြောင်း ၃၅ ကြောင်းနှင့် နောက်ဘက်မျက်နှာတွင် စာကြောင်း ၂၇ ကြောင်းပါရှိသည်။ ကျောက်စာကို ပုဂံဓမ္မရာဇိကဘုရား အရှေ့မုခ်ဂူအတွင်း၌ စိုက်ထူခဲ့သည်။

ကျောက်စာရေးထိုးသည့်ရက်ကို သက္ကရာဇ် ၅၅၈ ခုနှစ် အာသတ်နှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် တနင်္ဂနွေနေ့ဟု ဖော်ပြသည်။ ဆက်လက်၍ ထိုစဉ်က အရိမဒ္ဒနပြည် အကျယ်အဝန်းကို ရေးထိုးထားရာ "အရိမဒ္ဒနပြည်ကို အစိုးရထသော နိုင်ငံကျယ်ခြင်း အထုကား အရှေ့သို့လားသောနိုင်ငံကား သံလွင်မြစ် အရှေ့ဘက်အတိုင်း၊ တောင်ကား ထားဝယ်၊ ဝဠုတ်သင်၊ တနသ်ာရီ တဂံရွာ ၊ သလင်းကြေ၊ မစ္ဆဂီရိ လန္ဒကတိုင်း၊ အနောက် သစ္စာကရီ ဝရာတောင်၊ ပတိက္ကရား၊ တက္ကစာရ၊ မြောက်တကောင်း၊ ငဆောင်ချမ်း" စသည်ဖြင့် ဖော်ပြထားသည်။

သက္ကရာဇ် ၅၆၀ ပြည့်နှစ် သီတင်းကျွတ်လဆုတ် ၂ ရက် သောကြာနေ့တွင် စေတီကို အထွတ်တင်တော်မူ၍ သင်္ကန်း အဆူ ၁၀၀၀၊ မြန်မာကျွန် ၅၀၀၊ ကုလားကျွန် ၅၀၀၊ စုစုပေါင်းကျွန် ၁၀၀၀၊ မြစ်သာဒေသမှ မြေ ၁၅၆၃ ပယ် အပါအဝင် လှူဒါန်းမှုများကို ကျောက်စာတွင် ရေးထိုးခဲ့သည်။ ထို့အတူ ပျဉ်းမနားရွာတစ်ခွင်၊ ညောင်ပင်ကြီးတွင် မြေနှင့် ကျွန် ၈၅ ယောက်၊ နွား ၁၀၀၊ သင်းတောင်းခွင်ရွာတစ်ခွင်၊ ပေါင်းလောင်းအရှေ့၊ မြစ်လောင်သင်းတွဲမြောင်းအရှေ့ စသည်တို့တွင် လှူဒါန်းသည့် မြေ၊ ကျွန်၊ နွား စသည်တို့ကို ဖော်ပြခဲ့သည်။

ဓမ္မရာဇိက ဘုရားကျောက်စာတွင် လှူဒါန်းမှုပြုသည့် နေရာများကို ဖော်ပြထားရာ ရွာ၊ ရပ်၊ ခွင်၊ ခရိုင်နှင့် တိုက်တို့ကို တစ်စုတစ်စည်းဖော်ပြထားသည်။ ၎င်းကျောက်စာမတိုင်မီက ခွင်၊ ခရိုင်၊ တိုက်စသည်တို့ကို ရေးထိုးဖော်ပြသည့် ကျောက်စာများမရှိခဲ့သေးပေ။

ဓမ္မရာဇိကဘုရားကျောက်စာတွင် ရေးထိုးထားသည့် ခရိုင်သည် ကျောက်ဆည်၊ မြစ်သားနယ်ကို အဓိကရည်ညွှန်း၍ တိုက်သည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြားရှိ ချင်းတွင်းမြစ် အနောက်ဘက် နေရာများဖြစ်ကြောင်း ယူဆနိုင်ဖွယ်ရှိသည်။ သို့သော် ဤယူဆချက်သည် လုံးဝပြည့်စုံမှန်ကန်သည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် မြစ်သား၊ ပျဉ်းမနားနှင့် သင်းတောင်းနေရာများကို ခွင်၊ ရွာဟုလည်း သုံးထားခြင်းကြောင့်ဖြစ်သည်။

ကျောက်စာအထောက်အထားများအရ ခရိုင်ဖြစ်စေ၊ တိုက်ဖြစ်စေ ၎င်းတို့သည် ရွာများသာဖြစ်၍ ထိုရွာများကို ဩဇာရှိသော သူကြီးများက အုပ်ချုပ်သည်။ ထိုသူကြီးများသည် ဘေးပတ်ဝန်းကျင်ရှိ ရွာများကို အုပ်ချုပ်သည့် ရွာသူကြီးများ၏ အစောင့်အရှောက်ကို ခံယူကာ အင်အားကောင်းလာခဲ့သဖြင့် ခရိုင်၊ တိုက်ဟုဆိုသည့် ရွာများသည် အရံရွာများရှိကြောင်း သမိုင်းပါမောက္ခ ဒေါက်တာတိုးလှက ထောက်ပြခဲ့သည်။

❖ ဓမ္မရာဇိကဘုရားကျောက်စာတွင် လှူဒါန်းမှုပြုသည့် နေရာများကို ဖော်ပြထားရာ ရွာ၊ ရပ်၊ ခွင်၊ ခရိုင်နှင့် တိုက်တို့ကို တစ်စုတစ်စည်း ဖော်ပြထားသည်။ ၎င်းကျောက်စာမတိုင်မီက ခွင်၊ ခရိုင်၊ တိုက်စသည်တို့ကို ရေးထိုးဖော်ပြသည့် ကျောက်စာများမရှိခဲ့သေးပေ။ ဓမ္မရာဇိကဘုရားကျောက်စာတွင် ရေးထိုးထားသည့် ခရိုင်သည် ကျောက်ဆည်၊ မြစ်သားနယ်ကို အဓိကရည်ညွှန်း၍ တိုက်သည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြားရှိ ချင်းတွင်းမြစ်အနောက်ဘက် နေရာများဖြစ်ကြောင်း ယူဆနိုင်ဖွယ်ရှိသည်။ သို့သော် ဤယူဆချက်သည် လုံးဝပြည့်စုံမှန်ကန်သည်ဟု မဆိုနိုင်ပေ။ ❖

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဂျုံကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



ခင်ဦး မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဂျုံကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံ ၁၀၁၂ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ဂျုံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၀ ဒသမ ၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဂျုံ ၁၀၁၂ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ဂျုံစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဂျုံ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး ဂျုံ အထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ဂျုံစိုက်ပျိုးရာသီ၌ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဂျုံများ အထွက်နှုန်းတိုးတက် ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ဂျုံများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်ထံမှ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

လယ်တွင်း ၁၁ ခရိုင်မှ ရွာလူကြီးတချို့၏အမည်ကို"ဆယ်တရွာသူကြီး အစလဘိရစ်၊ ပင်လယ် ရွာသူကြီး ကုံကယ်၊ ရင့်နှ်ရွာသူကြီး တုရင်ဘတြာ၊ ဆယ်တရွာကိသူကြီး ရာဇကုံထံ၊ မြင်ခုန်တိုင် ရွာသူကြီး ချတြဗိုလ်၊ တမုတ်ရွာသူကြီးပင်မြိုင်" စသည်ဖြင့် ကျောက်စာများတွင် တွေ့ရှိရသည်။

ဓမ္မရာဇိကဘုရားကျောက်စာ၌ပင် ပုစောဝ်တိုက်၊ ယင်သည်တိုက်၊ မြင်ခုန်တိုင်တိုက်၊ မုဆိုဝ်ဖိုဝ်တိုက်၊ ညံသာတိုက်၊ ပိဆဲတိုက်၊ မုန်တောင်တိုက်၊ ကြံမ္ဗတိုက်၊ တံမာခါတိုက်၊ မုဆိုဝ်ခြံမ်တိုက်၊ ပင်စည်တိုက်၊ လတွေတိုက်၊ ခက်လုံတိုက်ဟူ၍ တိုက်အမည်များပါရှိသည်။

ပုဂံခေတ် နရပတိစည်သူမင်းလက်ထက်တွင် ရေးထိုးသည့် ကျောက်စာများမှစ၍ နောက်ပိုင်း ကျောက်စာများတွင် ခွင်၊ ခရိုင်၊ တိုက်ဟူသည့် စကားလုံးများကို သုံးစွဲခဲ့ကြသည်။ ခွင်ဟူသည့်အသုံးကို ပေါင်းလောင်းကျောင်းကျောက်စာ၊ အရီးဖွားစောကျောက်စာ၊ မင်းမယား စဝ်ပိုဝ်ကျောက်စာ၊ ဒိသာပြာမုက်ကျောက်စာ၊ သိဃ်သူသမီးကျောက်စာ၊ မင်းသမီးစိုးမင်းတို့ကျောက်စာ၊ ကျစွာမင်းမိထွေးတော်ကျောင်းကျောက်စာတို့တွင် တွေ့ရှိရသည်။

ခွင်ကို မြို့၊ ရွာအမည်များနှင့်တွဲလျက် ကုခန်ခွင်၊ စလင်းတိုင်ခွင်၊ ပုသိမ်တိုင်ခွင်၊ မြင်ခုန်တိုင်ခွင်၊ ပြည်ခွင်၊ သင်တောင်ခွင်၊ အောင်ပင်လယ်ခွင် စသည်ဖြင့်ဖော်ပြထားကြောင်း သတိပြုနိုင်သည်။

ပုဂံခေတ်ကျောက်စာများတွင် တွင်ကျယ်စွာသုံးခဲ့သည့် နယ်မြေဒေသသတ်မှတ်ချက် စကားလုံးများအနက် ခရိုင်နှင့်တိုက်(နယ်)ဟူသည့် စကားလုံးများကို ယနေ့တိုင်အသုံးပြုနေသော်လည်း ခွင်ဟူသည့် စကားလုံးကိုမူ သုံးစွဲခြင်းမရှိတော့ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာကျောက်စာများအတွဲ(၁) (ဦးငြိမ်းမောင်)**
- **ပုဂံခေတ်မြန်မာနိုင်ငံသမိုင်း(ဒေါက်တာတိုးလှ)**
- **ခေတ်ဟောင်းမြန်မာရာဇဝင် (ဒေါက်တာသန်းထွန်း)**

## မင်္ဂလာပါ ရွှေမြန်မာ

\- မင်္ဂလာပါ နှုတ်ခွန်းဆက်
ဖိတ်ခေါ်လျက် နွေးထွေးကြို၊
အရှေ့တောင် အာရှဒေသ
လှပစိမ်းစို၊
မနေသာဖြူလို့ သဒ္ဓါပို
အပြုံးချိုချို ရင်အေးမြ၊
တို့မြန်မာပြည် သာယာစခန်း
ရှင်လန်းပေစွ။

\- ဘုရား ပုထိုး စေတီအစုံ ဖူးတွေ့ရ
ရှေးဟောင်းဒေသ ပုဂံမြေ၊
နှစ်ပေါင်းထောင်ချီ ယဉ်ကျေးမှု
စုစည်းလို့နေ၊
မြန်မာတို့ရဲ့ အသည်းနှလုံးပေ
ဘိုးဘွားအမွေ ထိန်းသိမ်းထား၊
ကြီးမြတ်နိုင်ငံ သမိုင်းကြောင်း
ကောင်းမြတ်စေသား။

\- တိုင်းရင်းသားမျိုးစုံ မှီတင်းနေထိုင်တဲ့
ပြည်ထောင်စုရဲ့ မျိုးချစ်စိတ်တွေ၊
တစ်အူထုံ့ဆင်း မောင်နှမ
ပီသခဲ့ပေ၊
အရေးကြီးလျှင် သွေးနီးစေ
တောင်ပေါ်မြေပြန့် မခွဲခြား၊
တို့မြန်မာပြည် နေရာအနှံ့
တည်တံ့စေသား။

\- ဒီမိုကရေစီ တစ်ခေတ်ဆန်း
လျှောက်လှမ်းနေတဲ့ နိုင်ငံတော်၊
ကမ္ဘာလှည့်ခရီးသွားများ
နားခိုလို့ပျော်၊
တစ်ခါရောက်ဖူးလျှင် မပြန်ချင်နော်
နွေးထွေးဖိတ်ခေါ် ကြိုဆိုထား၊
တို့မြန်မာပြည် အလည်တစ်ခေါက်
ကြွရောက်စေသား။ ။

ကိုကိုဇင်(ပညာရေး)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# နိုင်ငံ၏စွမ်းအင်လုံခြုံရေးကို ထိန်းသိမ်းကာကွယ်ရေးအတွက် စွမ်းအင်စနစ်သစ်တည်ဆောက်ရန် တရုတ်သမ္မတ တိုက်တွန်းပြောကြား



ပေကျင်း ဧပြီ ၇

တရုတ်နိုင်ငံ၏ စွမ်းအင်လုံခြုံရေးကို ထိန်းသိမ်းကာကွယ်ရေးအတွက် စွမ်းအင်စနစ်သစ်တစ်ရပ်ကို မြန်မြန်ဆန်ဆန်ရေးဆွဲတည်ဆောက်ရန် တရုတ်သမ္မတရှီကျင့်ဖျင်က ဧပြီ ၆ ရက်တွင် တိုက်တွန်းပြောကြားထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခ ရက်သတ္တပါတ်အတွင်း ဝင်ရောက်လာချိန်တွင် တရုတ်သမ္မတရှီကျင့်ဖျင်က စွမ်းအင်စနစ်သစ်တည်ဆောက်ရန် သက်ဆိုင်ရာတာဝန်ရှိသူများကို တိုက်တွန်းပြောကြားထားခြင်းဖြစ်သည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်ကို စစ်ရေးအရတိုက်ခိုက်ခဲ့ပြီးနောက် စတင်ခဲ့သည့် အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အကျပ်အတည်းတစ်ရပ် ပေါ်ထွက်ခဲ့ရသည်။

စွမ်းအင်လုံခြုံရေးမဟာဗျူဟာသစ်အရ တရုတ်နိုင်ငံအနေဖြင့် လေစွမ်းအင်နှင့် နေစွမ်းအင်စီမံကိန်းများကို ဦးစားပေးအကောင်အထည်ဖော်ရမည်ဖြစ်ပြီး ကျောက်မီးသွေးစွမ်းအင်မှာလည်း တရုတ်စွမ်းအင်လုံခြုံရေး၏ အခြေခံအဖြစ်ဆက်ရှိရမည်ဖြစ်ကြောင်း တရုတ်သမ္မတက ပြောကြားထားသည်။

သဘာဝပတ်ဝန်းကျင်နှင့် ပို၍သဟဇာတရှိသော၊ အမျိုးအစားစုံလင်သော စွမ်းအင်စနစ်သည် တရုတ်နိုင်ငံ၏ စွမ်းအင်လုံခြုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့ကို အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က သုံးသပ်ပြောကြားထားသည်။

တရုတ်နိုင်ငံအနေဖြင့် ကျောက်မီးသွေးစွမ်းအင်ကို အဓိကအားပြုထားသကဲ့သို့ အရန်ရေနံထားရှိနိုင်မှုပမာဏလည်း မြင့်မားသည်ဖြစ်ရာ အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခနောက်ဆက်တွဲ လောင်စာဆီဈေးနှုန်း မြင့်တက်မှုကို အထိုက်အလျောက် ခံနိုင်ရည်ရှိသည်ဟု လေ့လာသူများက သုံးသပ် ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ကွန်မြူနစ်ပါတီအကြီးအကဲ တိုလမ်းကို သမ္မတအဖြစ် ဗီယက်နမ်လွှတ်တော်အတည်ပြု




ဟန္နိုင်း ဧပြီ ၇

ဗီယက်နမ်အမျိုးသားလွှတ်တော်အမတ်များသည် ယနေ့တွင် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး တိုလမ်းကို နိုင်ငံတော်သမ္မတအဖြစ် တစ်ခဲနက်အတည်ပြုခဲ့ကြကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဗီယက်နမ် သမ္မတရာထူးကို တွဲဖက်ရယူနိုင်ခဲ့ခြင်းဖြင့် ကွန်မြူနစ်ပါတီအကြီးအကဲ တိုလမ်းသည် နှစ်ပေါင်းများစွာအတွင်း ဩဇာအာဏာအကြီးမားဆုံး ဗီယက်နမ်ခေါင်းဆောင်အဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ကွန်မြူနစ်ပါတီအကြီးအကဲကို သမ္မတရာထူးပေးအပ်ခြင်းဖြင့် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ပုံစံတူနိုင်ငံရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာခဲ့ခြင်းဖြစ်သည်။

ယနေ့ ဗီယက်နမ်အမျိုးသားလွှတ်တော် အစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ် ၄၉၅ ဦး တက်ရောက်ခဲ့ရာ ၎င်းလွှတ်တော်အမတ်အားလုံးက ကွန်မြူနစ်ပါတီအကြီးအကဲ တိုလမ်းကို နိုင်ငံတော်သမ္မတအဖြစ် မဲပေးအတည်ပြုခဲ့ကြကြောင်း ဗီယက်နမ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီသည် ယခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပခဲ့သော ပါတီညီလာခံ၌ အသက် ၆၈ နှစ်ရှိ တိုလမ်းကို ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့သည်။

တိုလမ်းသည် ဗီယက်နမ် ကွန်မြူနစ်ပါတီအကြီးအကဲ ငုယင်ဖူထရွန် ၂၀၂၄ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီးနောက် ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးရာထူးကို စတင်ရယူခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# လက်ဘနွန်တောင်ပိုင်း၌ မြေပြင်တပ်များဖြန့်ကြက်မှုပြီးဆုံးကြောင်း အစ္စရေးတပ်မတော် ပြောကြား

ဂျေရုဆလင် ဧပြီ ၇

လက်ဘနွန်နိုင်ငံ တောင်ပိုင်းကာကွယ်ရေးမျဉ်း တစ်လျှောက် မြေပြင်တပ်များ ဖြန့်ကြက်မှုလုပ်ငန်းစဉ် ပြီးဆုံးပြီဖြစ်ကြောင်း အစ္စရေးတပ်မတော်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

သို့ရာတွင် အစ္စရေးမြေပြင်တပ်များအနေဖြင့် လက်ဘနွန်တောင်ပိုင်း၌ မည်သည့်အကွာအဝေးထိ ထိုးဖောက် ဝင်ရောက်နေရာယူထားသည်ကို အစ္စရေးတပ်မတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

လက်ရှိတွင် လက်ဘနွန်နိုင်ငံအတွင်းရှိ တင့်ဖျက်ဒုံးကာကွယ်ရေးမျဉ်းတစ်လျှောက် မြေပြင်တပ်များတပ်ဖြန့်မှု အပြီးသတ်ခဲ့ပြီဖြစ်ကြောင်း အစ္စရေးတပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ဘနွန်နိုင်ငံ တောင်ပိုင်း လီတာနီမြစ်ထိ လုံခြုံရေးကြားခံဇုန်တစ်ခု သတ်မှတ်ထားရှိမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးလ်ကတ်ဇ်က ပြီးခဲ့သည့်လကပင် ပြောကြားထားသည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ခဲ့သော အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခကို တုံ့ပြန်သည့်အနေဖြင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးတပ်မတော်သည် လက်ဘနွန်တောင်ပိုင်း၌ မြေပြင်စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်။

ဟစ်ဇ်ဘိုလာ အုပ်စုသည် အီရန်နိုင်ငံ၏ အရှေ့အလယ်ပိုင်းဒေသ အဓိကမဟာမိတ်လက်နက်ကိုင်အုပ်စုများထဲတွင် အပါအဝင်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အစ္စတန်ဘူလ်မြို့ရှိ အစ္စရေးကောင်စစ်ဝန်ရုံးအနီး တူကီယဲရဲတပ်ဖွဲ့နှင့် သေနတ်သမားများပစ်ခတ်မှုဖြစ်

အစ္စတန်ဘူလ် ဧပြီ ၇

တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ အစ္စရေးကောင်စစ်ဝန်ရုံးအဆောက်အအုံပြင်ပ၌ ယနေ့တွင် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

တူကီယဲ ရဲတပ်ဖွဲ့ဝင်များနှင့် သေနတ်သမားတို့ကြား ဖြစ်ပွားခဲ့သည့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုမှာ အနည်းဆုံး ၁၀ မိနစ်ကြာမြင့်ခဲ့ပြီး ပစ်ခတ်မှုအတွင်း သေနတ်သမား နှစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း တူကီယဲရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အလားတူ တူကီယဲရဲတပ်ဖွဲ့ဝင်တစ်ဦးလည်း သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တူကီယဲနိုင်ငံသည် အစ္စရေးနှင့် ဂါဇာ ကမ်းမြောင်အခြေစိုက် ဟားမတ်စ်အုပ်စုတို့ကြား ၂၀၂၃ ခုနှစ်တွင် စစ်ရေးပဋိပက္ခစတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အစ္စတန်ဘူလ်မြို့ရှိ အစ္စရေးကောင်စစ်ဝန်ရုံးဝန်းကျင်၌ လုံခြုံရေးအင်အားမြှင့်တင်ထားခဲ့သည်။

တူကီယဲရဲတပ်ဖွဲ့နှင့် သေနတ်သမားများကြား အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားချိန်တွင် အစ္စရေးကောင်စစ်ဝန်ရုံး၌ အစ္စရေးသံတမန်များမရှိကြောင်း တူကီယဲအစိုးရသတင်းအရင်းအမြစ်များ၏ အဆိုအရ သိရသည်။ Ref : RT

Trs : KKO

# ပြင်သစ်၌ မြန်နှုန်းမြင့်ရထား တပ်မတော်ကုန်တင်ယာဉ်ကိုဝင်တိုက်



ပဲရစ် ဧပြီ ၇

ပြင်သစ်နိုင်ငံ ကဲလိုက်ခ်မြို့အနီး၌ ယနေ့ နံနက်ပိုင်းတွင် မြန်နှုန်းမြင့်ရထားတစ်စီးက တပ်မတော်ကုန်တင်ယာဉ်တစ်စီးကို ဝင်တိုက်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ မတော်တဆမှုအတွင်း ရထားစက်ခေါင်းမောင်းသေဆုံးခဲ့ကြောင်း ကဲလိုက်ခ်မြို့ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် မြန်နှုန်းမြင့်ရထားနှင့် ပြင်သစ်တပ်မတော်ကုန်တင်ယာဉ် ဝင်တိုက်မှုတွင် လူ ၁၆ ဦးသေဆုံးခဲ့ပြီး နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

ရထားနှင့် ကုန်တင်ယာဉ် ဝင်တိုက်မှုဖြစ်ပွားချိန်တွင် မြန်နှုန်းမြင့်ရထားပေါ်၌ ခရီးသည်ဦးရေ ၂၀၀ ကျော်လိုက်ပါလာကြောင်း ပြင်သစ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ မြန်နှုန်းမြင့်ရထားသည် ဒန်းကော့ခ်မြို့မှ ပဲရစ်မြို့သို့ ဦးတည်ခုတ်မောင်းနေစဉ် စစ်သုံးပစ္စည်းကိရိယာများ တင်ဆောင်ထားသည့် ကုန်တင်ယာဉ်ကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။


လက်ရှိတွင် မြန်နှုန်းမြင့်ရထားနှင့် တပ်မတော်ကုန်တင်ယာဉ် ဝင်တိုက်မှုဖြစ်စဉ် အကြောင်းရင်းကို ပြင်သစ်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံ ခနီကာရိတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ဖူးသမျှထဲမှ ရှေးအကျဆုံးကြယ်ကို တွေ့ရှိခဲ့



ဝါရှင်တန် မေ ၇

အမေရိကန်နိုင်ငံ ခနီကာရိ တက္ကသိုလ်မှသိပ္ပံပညာရှင်များသည် ရှာဖွေတွေ့ရှိခဲ့ဖူးသမျှထဲမှ ရှေးအကျဆုံးကြယ်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း မေ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

SDSS J 0715-7334 ဟူ၍ အမည်ပေးထားသော အဆိုပါကြယ်သည် စကြဝဠာစတင်ပေါ်ထွက်ခဲ့ပြီး နှစ်ဘီလီယံအနည်းငယ်အတွင်း ပေါ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ SDSS J 0715-7334 ကြယ်၌ သတ္တုဓာတ်ပါဝင်ဖွဲ့စည်းမှုနှုန်းမှာ အလွန်နည်းပါးကြောင်း သိရသည်။

သတ္တုဓာတ်ပါဝင်မှု၏ နည်းပါးခြင်းသည် ရှေးအကျဆုံးကြယ်များ၌ တွေ့ရတတ်သည့်အဓိက လက္ခဏာတစ်မျိုးဖြစ်သည်။

SDSS J 0715-7334 ကြယ်ပိုင်ဆိုင်ထားသည့် သတ္တုပမာဏမှာ နေပိုင်ဆိုင်ထားသော သတ္တုဓာတ်ပမာဏ၏ သုည ဒသမ ၀၀၅ ရာခိုင်နှုန်းခန့်သာ ရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ SDSS J 0715-7334 ကြယ် ပိုင်ဆိုင်ထားသည့် သတ္တုဓာတ်ပမာဏမှာ ယခင်တွေ့ရှိထားပြီးဖြစ်သော ရှေးအကျဆုံးကြယ်များ ပိုင်ဆိုင်ထားသည့် သတ္တုဓာတ်ပမာဏထက် နှစ်ဆ ပိုနည်းကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဆိုက်ဂနက်စ်အိတ်စ်အယ်လ်အာကာသကုန်တင်ယာဉ်ကိုလွှတ်တင်ရန် စပေ့အိတ်ကုမ္ပဏီနှင့် နာဆာစီစဉ်

ဝါရှင်တန် မေ ၇

နော့သ်ရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက်စ်အိတ်စ်အယ်လ်အာကာသကုန်တင်ယာဉ်ကို မေ ၈ ရက်တွင် လွှတ်တင်ရန် စပေ့အိတ်ကုမ္ပဏီနှင့် အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)တို့က စီစဉ်ထားသည်။

ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသကုန်တင်ယာဉ်ကို စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာ နေဗာရယ်အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်မည် ဖြစ်ကြောင်း သိရသည်။

ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့် အခြားအထောက် အပံ့ ပစ္စည်းအလေးချိန် ပေါင် ၁၁၀၀၀ သယ်ဆောင်သွားမည် ဖြစ်ကြောင်း နော့သ်ရော့ဂရူးမင်း ကုမ္ပဏီက စတင်ထုတ်ပြန်ထား ကြောင်း သိရသည်။



လွှတ်တင်ပြီးနောက် ဆိုက် ဂနက်စ်အိတ်စ်အယ်လ်အာကာသ ကုန်တင်ယာဉ်သည် မေ ၁၀ ရက် တွင် နိုင်ငံတကာအာကာသစခန်း နှင့် ချိတ်ဆက်မည်ဖြစ်သည်။

အဆိုပါမစ်ရှင်သည် နာဆာနှင့် ရယူထားသည့် သဘောတူညီချက် အရနော့သ်ရော့ဂရူးမင်းကုမ္ပဏီက လွှတ်တင်မည့် ၅၄ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပံ့မစ်ရှင်ဖြစ်သည်။

ဆိုက်ဂနက်အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ယခုနှစ် အောက်တိုဘာလထိ ဆိုက်ကပ်ထားမည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## အိုရီယန်တယ် မြစ်ဝှမ်းလွင်ပြင် လကမ္ဘာဥက္ကာချိုင့်ဝှမ်းကို အားတီးမစ်-၂ မစ်ရှင် အာကာသယာဉ်မှူးများက မျက်ဝါးထင်ထင်တွေ့မြင်နိုင်ခဲ့

ဝါရှင်တန် မေ ၇

အိုရီယန်တယ် မြစ်ဝှမ်းလွင်ပြင် အမည်ရှိ လကမ္ဘာဥက္ကာချိုင့်ဝှမ်းကို မေ ၅ ရက်တွင် အားတီးမစ်-၂ မစ်ရှင် အာကာသယာဉ်မှူးများက မျက်ဝါးထင်ထင် တွေ့မြင်နိုင်ခဲ့ကြောင်း မေ ၆ ရက် သတင်းများ အရ သိရသည်။

အိုရီယန်တယ် မြစ်ဝှမ်းလွင်ပြင် ဥက္ကာချိုင့်ဝှမ်းသည် လမျက်နှာပြင် အခြားဘက်ခြမ်း၌ တည်ရှိပြီး အရွယ်အစားအားဖြင့် အချင်းမိုင် ၆၀၀ ထိရှိသော်လည်း ရှေးယခင်က စက်ရုပ်အာကာသယာဉ်များက သာ ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း သိရသည်။

အားတီးမစ်-၂ မစ်ရှင် အာကာသ ယာဉ်မှူးလေးဦးတို့သည် အထက်ပါ ဥက္ကာချိုင့်ဝှမ်းကို မျက်ဝါးထင်ထင် တွေ့ဖူးခဲ့သည့် ပထမဆုံးကမ္ဘာ့ လူသားများ ဖြစ်ကြကြောင်း သိရသည်။

အိုရီယန်တယ် မြစ်ဝှမ်းလွင်ပြင် ဥက္ကာချိုင့်ဝှမ်းသည် လွန်ခဲ့သည့် နှစ်ပေါင်း ၃ ဒသမ ၈ သန်းခန့်က အချင်းမိုင် ၄၀ ရှိဂြိုဟ်သိမ်တစ်စင်း လမျက်နှာပြင်ပေါ် ကျရောက်ခဲ့မှု ကြောင့် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

အမေရိကန်အစိုးရ အမျိုးသား လေကြောင့်နှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် အားတီမစ်-၂ မစ်ရှင်အရ အာကာသယာဉ်မှူးလေးဦး လိုက်ပါသွားသည့် အိုရီယွန် အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် ယခုနှစ် ဧပြီ ၁ ရက် တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## သက်လတ်ပိုင်းအရွယ်၌ သွေးအတွင်း ဗီတာမင်ဒီပါဝင်မှုမြင့်မားသူများတွင် အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေနည်းပါး

ဒဗ္ဗလင် မေ ၇

သက်လတ်ပိုင်းအရွယ်၌ သွေးအတွင်း ဗီတာမင်ဒီပါဝင်မှုမြင့်မားသူများတွင် အယ်ဇိုင်းမားရောဂါ ဖြစ်ပွားနိုင်ခြေ နည်းပါးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ မေ ၆ ရက်သတင်းများအရ သိရသည်။

အိုင်ယာလန်နိုင်ငံ ဂဲလ်ဝေး တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သက်လတ်ပိုင်းအရွယ်၌ သွေးအတွင်း ဗီတာမင်ဒီပါဝင်မှု အဆင့်မြင့်မားသူများ၏ ဦးနှောက်အတွင်း အယ်ဇိုင်းမားရောဂါနှင့် ဆက်စပ်နေသည့် ပရိုတင်းများ စုစည်းမှုအဆင့် နည်းပါးနေတတ်ကြောင်း သိရသည်။

ဦးနှောက်အတွင်း tau အမည်ရှိ ပရိုတင်းတစ်မျိုးစုစည်းလာမှုသည် အယ်ဇိုင်းမားရောဂါ ဖြစ်ပွားမှုနှင့် ဆက်စပ်နေကြောင်း ဆေးပညာရှင်များက ယူဆထားသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ သက်လတ်ပိုင်းအရွယ်တွင် သွေးတွင်း ဗီတာမင်ဒီပါဝင်မှုအဆင့် မြင့်မားမှုသည် အယ်ဇိုင်းမားရောဂါကို ကာကွယ်ပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် သွေးတိုးရှိခဲ့ပါက နှလုံး၊ ကျောက်ကပ်ရောဂါများ ဖြစ်နိုင်ခြေမြင့်တက်နိုင်

နယူးယောက် မေ ၇

အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် သွေးတိုးရှိခဲ့ပါက နှလုံး၊ ကျောက်ကပ်ရောဂါများ ဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် သွေးတိုးရောဂါနှင့် နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါများ ဖြစ်ပွားနိုင်ခြေတို့ကြား ဆက်စပ်မှုကိုနားလည်ရန် အရွယ်ရောက်သူ ၂၉၁၈၈၇ ဦးတို့၏ ကျန်းမာရေး မှတ်တမ်းများကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသောရလဒ်များအရ အသက် ၃၀ နှင့် ၄၀ ကြား အရွယ်တွင် သွေးဖိအား ပုံမှန်ထက် မြင့်တက်နေသူများ၌ နှလုံးရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၂၇ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် အသက် ၃၀ နှင့် ၄၀ ကြား၌ သွေးဖိအား ပုံမှန်ထက် မြင့်မားသူများအနေဖြင့် အသက်ရလာချိန်တွင် ကျောက်ကပ်ရောဂါ ဖြစ်ပွားနိုင်ခြေမှာလည်း ၂၂ ရာခိုင်နှုန်းထိ မြင့်မားနေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သွေးတိုးရောဂါသည် နှလုံး သွေးကြောဆိုင်ရာ ရောဂါများ ဖြစ်ပွားရမှု၏ အဓိက နောက်ခံ အကြောင်းရင်းတစ်ရပ် ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အသက်ငယ်ချိန်တွင် သွေးဖိအားကို ထိန်းထားနိုင်ခြင်းဖြင့် အသက်ရလာချိန် နှလုံး သွေးကြောဆိုင်ရာ ရောဂါများ ဖြစ်ပွားနိုင်ခြေကို တားဆီးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အိုစလေက IBF ကမ္ဘာ့စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ပါဗယ်လ်နှင့် ထိုးသတ်မည်




**မွန်ထရီရယ် ဧပြီ ၇**

IBO ကမ္ဘာ့စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံ ကျူးဘားလက်ဝှေ့သမား အိုစလေသည် IBF ကမ္ဘာ့စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ရုရှားလက်ဝှေ့သမား ပါဗယ်လ်နှင့် ဧပြီ ၉ ရက်တွင် ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့၌ ထိုးသတ်မည်ဖြစ်ကြောင်း DAZN သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

အိုစလေသည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သကဲ့သို့ ပါဗယ်လ်သည်လည်း ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

အသက် ၂၈ နှစ်ရှိ အိုစလေသည် ကမ္ဘာ့ချန်ပီယံခါးပတ်နှစ်ခုကို ပိုင်ဆိုင်လိုသည့်အတွက် အသက် ၃၂ နှစ်ရှိ ပါဗယ်လ်ကို အနိုင်ထိုးသတ်ရန် ပြင်ဆင်ထားကြောင်း ပြောကြားခဲ့သည်။

အိုစလေက "ကျွန်တော့်လက်ထဲမှာ ကမ္ဘာ့ချန်ပီယံခါးပတ်တစ်ခုရှိနေပါပြီ။ နောက်ထပ်တစ်ခု ပိုင်ဆိုင်ချင်ပါတယ်။ ဧပြီ ၉ ရက်မှာ ကျွန်တော့်လက်ထဲ ကမ္ဘာ့ချန်ပီယံခါးပတ် နှစ်ခုရောက်လာမယ်လို့လဲ ယုံကြည်ပါတယ်။ ပါဗယ်လ်ဟာ ကျွန်တော့်ထက် အတွေ့အကြုံများတဲ့အတွက် ကျွန်တော့်ကို အခက်တွေ့စေမဲ့ စိန်ခေါ်ပွဲပါ။ ကြီးမားတဲ့ စိန်ခေါ်မှုဖြစ်တဲ့အတွက် ကျွန်တော့်ဘက်က သေချာ ပြင်ဆင်ထားပါတယ်။ ပါဗယ်လ်ကလဲ ကမ္ဘာ့ချန်ပီယံခါးပတ်ရဖို့အတွက် အကောင်းဆုံးပြင်ဆင်လာလိမ့်မယ်လို့ ထင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN

Trs : AZL

# Linz Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ကို ရူဆီ တက်ရောက်

**ဗီယင်နာ ဧပြီ ၇**

ဩစတြီးယားနိုင်ငံတွင် ကျင်းပနေသည့် Linz Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်အဆင့်(၃) တင်းနစ်မယ် ကေတီဘိုတာနှင့် ရိုမေးနီးယား တင်းနစ်မယ် ရူဆီတို့ ယှဉ်ပြိုင်ခဲ့ရာ ရူဆီက (၇-၆၊ ၇-၆) ရလဒ်ဖြင့်အနိုင်ရပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမားစာရင်းတွင် ပါဝင်နေသည့် ကေတီဘိုတာအနေဖြင့် ထင်မှတ်မထားသည့် အရှုံးရလဒ်ဖြင့် ပွဲငယ်နှစ်ပွဲလုံးတွင် tie-break အဆင့်ထိယှဉ်ပြိုင်ခဲ့ရကာ အမှားများခဲ့သည့်အတွက် ပြိုင်ပွဲမှ ဆောလျင်စွာ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။

ရူဆီက "ကေတီဟာ ကမ္ဘာ့အဆင့် ကစားသမားတစ်ယောက်ပါ။ အဘက်ဘက်က သာနေတဲ့ ကေတီကို အနိုင်ရဖို့မမျှော်လင့်ထားပါဘူး။ ရလဒ်ထက်ပိုကောင်းအောင် ကစားနိုင်ဖို့ပဲအာရုံစိုက်ဖြစ်ခဲ့ပါတယ်။ အမှားအနည်းဆုံးဖြစ်အောင် ကြိုးစားကစားခဲ့ပါတယ်။ ထင်မှတ်မထားတဲ့ အနိုင်ရလဒ်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : AZL



# အီတလီအသင်းက လစ်လပ်နေသည့်နည်းပြရာထူးအတွက် မန်စီးတီးအသင်းမှ နည်းပြဂွာဒီယိုလာကိုခန့်အပ်နိုင်ရန် ကြိုးပမ်းနေ

**ရောမ ဧပြီ ၇**

အီတလီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစစ်ပွဲမအောင်မြင်ခဲ့ဘဲ ပြိုင်ပွဲနှင့် လွဲချော်ခဲ့ရပြီးနောက် နည်းပြဂတ်တူဆိုအနေဖြင့် ရာထူးမှနုတ်ထွက်ခဲ့သည့်အတွက် လစ်လပ်နေသည့်နည်းပြနေရာတွင် မန်စီးတီးအသင်းမှ နည်းပြဂွာဒီယိုလာကို ခန့်အပ်နိုင်ရန် ကြိုးပမ်းနေကြောင်း ESPN သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၅၅ နှစ်ရှိ နည်းပြဂွာဒီယိုလာသည် ၂၀၁၆ ခုနှစ်က မန်စီးတီးအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် အသင်းကို ဥရောပထိပ်တန်းအသင်းတစ်သင်းအဖြစ် တည်ဆောက်နိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ဖလားနှင့် ပရီးမီးယားလိဂ်ဖလားအပါအဝင် ဆုဖလားများစွာဆွတ်ခူးပေးနိုင်ခဲ့ပြီး ၂၀၂၇ ခုနှစ် ဇွန်လတွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

မန်စီးတီးအသင်းက နည်းပြဂွာဒီယိုလာကို သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုလိုသော်လည်း ဂွာဒီယိုလာကိုယ်တိုင်က နိုင်ငံလက်ရွေးစင်အသင်း တစ်သင်းကို တာဝန်ယူ ကိုင်တွယ်လိုသည့်အတွက် မန်စီးတီးအသင်း၏ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကိုငြင်းပယ်ခဲ့သည်။

နည်းပြ ဂွာဒီယိုလာကိုယ်တိုင်က "ကျွန်တော်အနာဂတ်မှာနိုင်ငံလက်ရွေးစင်အသင်းတစ်သင်းကို တာဝန်ယူ ကိုင်တွယ်လိုပါတယ်။ ကမ္ဘာ့ဖလား၊ ယူရိုဖလား၊ ကိုပါအမေရိကဖလားတွေထဲက တစ်လုံးကိုဆွတ်ခူးလိုပါတယ်"ဟု ပြောကြားထားသဖြင့် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ထွက်ခွာဖွယ်ရှိနေသည့်နည်းပြဂွာဒီယိုလာကို အီတလီအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်နိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : ESPN

Trs : STA

# အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်များကြောင့် ပရီးမီးယားလိဂ် ပွဲစဉ်သုံးပွဲထိ ရွှေ့ဆိုင်းခဲ့ရ

**လန်ဒန် ဧပြီ ၇**

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်သည် လာမည့် ဧပြီ ၂၅၊ ၂၆ ရက်တို့တွင်ကစားမည့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ် ပွဲစဉ်များကြောင့် ပရီးမီးယားလိဂ်ပွဲစဉ်(၃၄) အဖြစ် ကစားမည့် ဘရိုက်တန်အသင်းနှင့် ချဲလ်ဆီးအသင်း၊ ဘုန်းမောက်အသင်းနှင့် လိဒ်အသင်း၊ ဘန်လေအသင်းနှင့် မန်စီးတီးအသင်းတို့၏ ပွဲစဉ်များကို ရွှေ့ဆိုင်းခဲ့ကြောင်း Premierleague သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်သို့ လီဗာပူးအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် မန်စီးတီးအသင်း၊ ဝက်စ်ဟမ်းအသင်းကို ပင်နယ်တီ အဆုံးအဖြတ်နှင့် အနိုင်ရခဲ့သည့် လိဒ်အသင်း၊ ပေါ့ဗယ်လီအသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ချဲလ်ဆီးအသင်းတို့ တက်ရောက်ခဲ့သောကြောင့် အဆိုပါအသင်းများ ကစားရမည့်ပွဲစဉ်များကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အစောပိုင်းက အဆိုပါ ပွဲစဉ်များကို ဧပြီ ၂၁ ရက်၊ ၂၂ ရက်တို့တွင်ကစားရန် ပွဲစဉ်ဇယား ရေးဆွဲထားသော်လည်း အက်ဖ်အေဖလားဆီမီးဖိုင်နယ်ပွဲစဉ် ကစားရမည့် အသင်းများအနေဖြင့် လုံလောက်သော အနားယူချိန် နည်းပါးနေသည့်အတွက် ဧပြီ ၂၁ ရက်တွင်ကစားရမည့် ဘရိုက်တန်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ပွဲစဉ်၊ ဧပြီ ၂၂ ရက်တွင်ကစားရမည့် ဘုန်းမောက်အသင်းနှင့် လိဒ်အသင်း၊ ဘန်လေအသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်များကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Premierleague

Trs : ML

# နယူးကာဆယ်အသင်းက ဂေါ်ဒွန်အတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၈၀ သတ်မှတ်

**လန်ဒန် ဧပြီ ၇**

နယူးကာဆယ် အသင်းက ယခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာရန် နီးစပ်နေသည့် တိုက်စစ်ကစားသမား ဂေါ်ဒွန်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၈၀ သတ်မှတ်ခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၅ နှစ်ရှိ ဂေါ်ဒွန်သည် ၂၀၂၂ ခုနှစ်က အဲဗာတန်အသင်းမှ နယူးကာဆယ်အသင်းထံ ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူဘောလုံးရာသီတိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသထားကာ အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခွင့်ရရှိနေသူဖြစ်သည်။

ဂေါ်ဒွန်နှင့် နယူးကာဆယ်အသင်းတို့ စာချုပ်သက်တမ်းမှာ ၂၀၂၈ ခုနှစ်ထိ ကျန်ရှိနေသေးသော်လည်းနယူးကာဆယ်အသင်းအနေဖြင့် လာမည့်နှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့်လွဲချော်ရန် နီးစပ်နေသည့်အတွက် ဂေါ်ဒွန်ကလည်း အသင်းမှထွက်ခွာပြီး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် ရရှိမည့် ထိပ်တန်းအသင်း တစ်သင်းထံ ပြောင်းရွှေ့ရန် ပြင်ဆင်နေခြင်းဖြစ်သည်။




လက်ရှိတွင် နယူးကာဆယ်အသင်းက အသင်းမှထွက်ခွာရန် ပြင်ဆင်နေသည့် ဂေါ်ဒွန်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၈၀ သတ်မှတ်ထားပြီး အာဆင်နယ်အသင်းက ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ မောင့်ဆီမီရူးမီးတောင်ပေါက်ကွဲခဲ့ပြီး ပြာမှုန်များ မီးတောင်ထိပ်မှ မီတာ ၁၁၀၀ အတွင်း ပျံ့လွင့်ခဲ့



ဂျကာတာ မေ ၇

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ မောင့်ဆီမီရူး မီးတောင်သည် မေ ၆ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်ထိပ်မှ ပြာမှုန်များ မီတာ ၁၁၀၀ ထိ မြင့်တက်ကာ လေထုအတွင်းသို့ ပျံ့နှံ့သွားခဲ့ကြောင်း မီးတောင်ဗေဒနှင့် ဘူမိဗေဒဆိုင်ရာ အန္တရာယ် လျှော့ချရေးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

မီးတောင် အကြီးစားပေါက်ကွဲမှုမဖြစ်မီ အသေးစားပေါက်ကွဲမှု ခုနစ်ကြိမ် ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်းသိရပြီး လက်ရှိတွင် မီးတောင်ဝမှ ထွက်ရှိလာသော ပြာမှုန်များသည် တောင်ဘက်သို့ ဆက်လက် ရွေ့လျားနေသည်ဟု အာဏာပိုင်များက ပြောကြားကြောင်း သိရသည်။

အဆိုပါ မီးတောင်သည် လက်ရှိအချိန်ထိ မငြိမ်သက်သေးသဖြင့် ထပ်မံပေါက်ကွဲနိုင်ခြေရှိနေပြီး မီးတောင်အနီးရှိ လေထုအရည်အသွေးနှင့် ကျန်းမာရေးအပေါ် သက်ရောက်မှုများဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ပြင် မီးတောင်ပြာများကျရောက်မှုကြောင့် လေယာဉ်ပျံသန်းမှုများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုလည်း ထိခိုက်နိုင်ကြောင်း သိရသည်။

နိုင်ငံအာဏာပိုင်များက မီးတောင်အနီး နေထိုင်သူများကို မောင့်ဆီမီရူးမီးတောင်မှ အနည်းဆုံး ငါးကီလိုမီတာအကွာတွင် နေထိုင်ကြရန်နှင့် အရေးပေါ်ညွှန်ကြားချက်များကို လိုက်နာရန် တိုက်တွန်းထားပြီး ကယ်ဆယ်ရေးနှင့် စောင့်ကြည့်ရေးအဖွဲ့များကိုလည်း အခြေအနေကို အနီးကပ်စောင့်ကြည့်နိုင်ရန် ပြင်ဆင်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အာဖဂန်နစ္စတန်နိုင်ငံတွင် ရေကြီးမှုကြောင့် သေဆုံးသူ ၉၉ ဦးထိ မြင့်တက်လာပြီး တစ်နိုင်ငံလုံးတွင် သတိပေးချက်အသစ်များ ထပ်မံ ထုတ်ပြန်

ကဘူးလ် မေ ၇

အာဖဂန်နစ္စတန်နိုင်ငံတွင် ရေကြီးမှုကြောင့် သေဆုံးသူ ၉၉ ဦးထိ မြင့်တက်လာပြီး တစ်နိုင်ငံလုံးတွင် သတိပေးချက်အသစ်များ ထပ်မံ ထုတ်ပြန်ထားကြောင်း မေ ၆ ရက်သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီး ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူများရှိသကဲ့သို့ ထိခိုက်ဒဏ်ရာရသူ ၁၅၄ ဦးရှိကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မတ် ၂၆ ရက်တွင် စတင်ခဲ့သော မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့သည့်အပြင်၊ မိုးကြိုးပစ်မှုများကြောင့် လူ့အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အမျိုးသား သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ Hafiz Mohammad Yusuf Hammad က အဆိုပါ ဘေးအန္တရာယ်ကြောင့် နိုင်ငံတစ်ဝန်းရှိ လယ်ယာမြေ ၁၄၄၀၅ ဧကကျော် ရေလွှမ်းမိုးခံခဲ့ရပြီး အိမ်ခြေ ၅၀၀၀ ခန့် ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် လမ်းပန်းဆက်သွယ်ရေး အပိုင်းတွင်လည်း လမ်း ၃၅၅ ကီလိုမီတာခန့် ရေလွှမ်းမိုးခံခဲ့ရပြီး မိသားစုပေါင်း ၈၅၃၂ စုထိခိုက်ခဲ့ကြောင်း သိရသည်။



အမျိုးသား သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က လာမည့်ရက်များအတွင်း မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားပြီး နိုင်ငံတွင်းရှိ ပြည်နယ်များစွာကို ထိခိုက်စေနိုင်သဖြင့် ပြည်သူများကို သတိပေးချက်အသစ်များ ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ကာဇက်စတန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ Altyn-Emel အမျိုးသားဥယျာဉ်တွင် မျိုးသုဉ်းလုနီးပါး Saker Falcon သိမ်းငှက် ၃၄ ကောင်ကို ပြန်လွှတ်ပေးခဲ့

အက်စ်တာနာ မေ ၇

ကာဇက်စတန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ Altyn-Emel အမျိုးသားဥယျာဉ်တွင် မျိုးသုဉ်းလုနီးပါး Saker Falcon သိမ်းငှက် ၃၄ ကောင်ကို ပြန်လွှတ်ပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကာဇက်စတန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ Altyn-Emel အမျိုးသားဥယျာဉ်တွင် မျိုးသုဉ်းလုနီးပါး Saker Falcon သိမ်းငှက်များကို သဘာဝသို့ ပြန်လည်လွှတ်ပေးခဲ့ခြင်းသည် Saker Falcon သိမ်းငှက်မျိုးစိတ်များကို ပြန်လည်တိုးပွားစေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။

Saker Falcon သိမ်းငှက်များသည် ရာစုနှစ်များစွာကတည်းက ကာဇက်စတန်၏ မြက်ခင်းပြင်ဒေသတွင် နေထိုင်ခဲ့ကြပြီး လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာကို ကိုယ်စားပြုသည့်အပြင် အမဲလိုက်ရာတွင် လူတို့၏အဖော် ဖြစ်ခဲ့ကြသော်လည်း နေထိုင်ရာပတ်ဝန်းကျင်ပျက်စီးခြင်းကြောင့် ကောင်ရေ ၉၀ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့ရသည်။

ယခုအစီအစဉ်ကို Saudi Falcons Club က ဦးဆောင်ကာ ကာဇက်စတန်ဘက်မှ သုတေသနအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်နေခြင်းဖြစ်ပြီး မျိုးသုဉ်းလုစာရင်းဝင် Saker Falcon သိမ်းငှက်များကို ထိန်းသိမ်းကာကွယ်ရန် လွှတ်ပေးလိုက်သော ငှက်များအားလုံးတွင် GPS ခြေရာခံကိရိယာများနှင့် မိုက်ခရိုချစ်ပ်များ တပ်ဆင်ထားပြီး သိပ္ပံပညာရှင်များအနေဖြင့် ၎င်းတို့၏ ရွှေ့ပြောင်းနေထိုင်မှုနှင့် အပြုအမူများကို ဆက်လက်စောင့်ကြည့် လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မိုးရွာသွန်းမှုနှင့်ဆက်စပ်သော သဘာဝဘေးများကြောင့် လူ ၄၅ ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့

အစ္စလာမ်မာဘတ် မေ ၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း Khyber Pakhtunkh–wa ပြည်နယ်တွင် မိုးရွာသွန်းမှုနှင့် ဆက်စပ်သော သဘာဝဘေးများကြောင့် လူ ၄၅ ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း မေ ၆ ရက်သတင်းများအရ သိရသည်။

မတ် ၂၅ ရက်မှစ၍ ယနေ့ထိ နိုင်ငံ အနောက်မြောက်ပိုင်းရှိ ပြည်နယ်တစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၄၅ ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါပြည်နယ်အတွင်းရှိ ခရိုင်အများအပြားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်း တိုက်ခတ်မှုများကြောင့် အိမ်ခေါင်မိုးများ၊ နံရံများ ပြိုကျခြင်းများဖြစ်ပွားကာ လူနေအိမ်များတွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်(PDMA)က တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်နယ် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင် (PDMA)၏ ကြေညာချက်အရ သေဆုံးသူများတွင် ကလေး ၂၃ ဦး၊ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ငါးဦးပါဝင်ပြီး ဒဏ်ရာရရှိသူများတွင် အမျိုးသား ၄၅ ဦး၊ ကလေး ၄၄ ဦးနှင့် အမျိုးသမီး ၁၆ ဦးတို့ ပါဝင်ကြောင်း သိရသည်။

ထို့ပြင် ဒဏ်ရာပြင်းထန်သူတချို့ကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ကာ ကုသပေးလျက်ရှိကြောင်း၊ မိုးရွာသွန်းမှုကြောင့် အဆိုပါပြည်နယ်တွင် အိမ်ခြေ ၄၄၀ ကျော် ထိခိုက်ပျက်စီးခဲ့ပြီး တချို့အိမ်များမှာ လုံးဝပျက်စီးသွားခဲ့ကြောင်း၊ လျှပ်စစ်မီးဖြန့်ဝေမှုနှင့် ဆက်သွယ်ရေးစနစ်များတွင်လည်း ယာယီပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး တချို့ဒေသများတွင် လမ်းပန်းဆက်သွယ်ရေး ထိခိုက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိနေကြောင်းလည်း သိရသည်။

ပြည်နယ် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင် (PDMA)က မေ ၆ ရက်မှ ၉ ရက်ထိ နောက်ထပ် မိုးရွာသွန်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးထားပြီး အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့များကို အဆင်သင့်ထားရှိထားကြောင်း၊ အာဏာပိုင်များကလည်း ပြည်သူများကို မလိုအပ်ဘဲ ခရီးသွားလာခြင်းကို ရှောင်ကြဉ်ရန်နှင့် ရေကြီးနိုင်သောနေရာများ၊ တောင်ပြိုနိုင်သော ဒေသများမှ ဝေးဝေးနေထိုင်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အန်ဂိုလာနိုင်ငံတွင် မိုးရွာသွန်းမှုကြောင့် သေဆုံးသူ ၁၅ ဦးရှိပြီး ၁၄ ဦးဒဏ်ရာရရှိ

လူအန်ဒါ မေ ၇

အန်ဂိုလာနိုင်ငံ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မေ ၅ ရက်မှ ယနေ့ထိ အနည်းဆုံး သေဆုံးသူ ၁၅ ဦးထိရှိလာပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဒေသခံ အာဏာပိုင်များ၏ အဆိုအရ သေဆုံးသူများအနက် ၁၂ ဦးမှာ ဘန်ဂွါလာပြည်နယ်မှ ဖြစ်ပြီး ကျန်သုံးဦးမှာ မြို့တော် လူအန်ဒါမှဖြစ်ကြောင်း၊ ထို့ပြင် ထိခိုက်ဒဏ်ရာ ရရှိသူများမှာ ဘန်ဂွါလာမှ ၁၀ ဦး၊ ဟွမ်းဘိုမှ တစ်ဦးနှင့် လူအန်ဒါမှ သုံးဦး ဖြစ်ကြောင်း၊ ထို့ပြင် လူအန်ဒါတွင် သုံးဦးနှင့် ဘန်ဂွါလာတွင် နှစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမိုး ခံရခြင်းကြောင့် မြို့တော်လူအန်ဒါတွင် အိမ်ခြေ ၄၁၈၀ ခန့် ရေလွှမ်းမိုးခံခဲ့ရပြီး လျှပ်စစ်ဓာတ်အားခွဲရုံ နှစ်ခုအပါအဝင် အခြေခံအဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ လမ်းများ ရေလွှမ်းမိုးခံရခြင်း၊ အိမ်များ ထိခိုက်ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

လက်ရှိတွင် အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များကို အဆိုးရွားဆုံး ထိခိုက်ခံရသည့်နေရာများ ဖြစ်သော လူအန်ဒါပြည်နယ်ရှိ မူလန်ဗော့စ်၊ ကာမာမာနှင့် ကာကွာကို မြူနီစပယ်များသို့ စေလွှတ်ထားပြီး ပျက်စီးဆုံးရှုံးမှုများကိုအကဲဖြတ်ကာ ဒေသခံပြည်သူများကို ကူညီပေးလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

လင်းလက်

# လူငယ်တို့တာဝန် ကျေပွန်စေလို

**❖ နိုင်ငံတစ်နိုင်ငံ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိုနိုင်ငံအတွင်းရှိ နိုင်ငံသူ၊ နိုင်ငံသားတို့ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ပညာရည်မြင့်မားရေးတို့က အဓိကကျလှသည်။ "ယနေ့လူငယ် နောင်ဝယ်လူကြီး"ဆိုသကဲ့သို့ ယနေ့ကာလ လူငယ်များ၏ အခြေခံစိတ်ဓာတ်များတွင် နိုင်ငံနှင့်လူမျိုးအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးလိုသည့် နိုင်ငံသားကောင်းစိတ်ဓာတ်များ ကိန်းအောင်းနေဖို့လိုသည်။ လူငယ်ဆိုသည်မှာ နိုင်ငံတော်၏ အဖိုးမဖြတ်နိုင်သော ရတနာများဖြစ်သကဲ့သို့ အနာဂတ်အတွက်လည်း တာဝန်အရှိဆုံးသော အင်အားစုများဖြစ်ကြသည်။ ❖**

**တာဝန်**

"တာဝန်"ဆိုသည်မှာ "ဆောင်ရွက်ရန်အမှုကိစ္စ၊ ဝတ္တရား"ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ ကိစ္စမြားမြောင်လူတို့ဘောင် ဆိုသည့်စကားနှင့်အညီ လူ့ဘဝလူ့လောကတွင် နေ့စဉ်ဆောင်ရွက်နေရသည့် အမှုကိစ္စများ များစွာရှိနေနိုင်သည်။ မဖြစ်မနေပြုလုပ်ရမည့် အမှုကိစ္စများရှိသကဲ့သို့ လုပ်သင့်၊ မလုပ်သင့် စဉ်းစားဆင်ခြင်၍ ပြုလုပ်ရမည့်ကိစ္စရပ်များလည်း ရှိသည်။ နေ့စဉ်ကြုံတွေ့ရသော တာဝန်များအပြင် နိုင်ငံသားတိုင်း မလွဲမသွေထမ်းဆောင်ရမည့် အကြီးမားဆုံးသော အမျိုးသားရေး တာဝန်များလည်းရှိနေပြန်သည်။ တာဝန်ဆိုသည့် စကားရပ်ကို ဖြစ်တည်စေသည့် အမှုကိစ္စများဆိုသည်ကား မဖြစ်မနေလုပ်ရမည့် ကိစ္စရပ်များကို ဆိုလိုခြင်းဖြစ်သည်။ အမျိုးသားရေးတာဝန်များအနက် အရိုးကြေကြေ အရေခန်းခန်း သက်စွန့်ကြိုးပမ်း၍ ဆောင်ရွက်ရမည့် အမှုကိစ္စများအနက် နိုင်ငံသားတစ်ဦးအနေဖြင့် မိမိနိုင်ငံတော်ကို တတ်စွမ်းသမျှ ကာကွယ်ခြင်းဆိုသည့် တာဝန်တစ်ခုလည်း ပါဝင်သည်။

နိုင်ငံသားတာဝန်ကျေပွန်ရေးအတွက်မှ ဆောင်ရွက်နိုင်သည့် အမှုကိစ္စများစွာရှိသည်။ အခြေခံအားဖြင့် "အဖျက်အမှောင့်လုပ်ငန်းများကို မလုပ်ခြင်း၊ အဖျက်အမှောင့်လုပ်ငန်းများကို တွန်းလှန်လိုစိတ်ရှိခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် လက်တွဲဆောင်ရွက်လိုခြင်း၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အကျိုးကို အစဉ်ထာဝရသယ်ပိုးကြခြင်း" စသည့် လုပ်ရပ်များသည် နိုင်ငံသားတိုင်း လွယ်လင့်တကူ လုပ်ဆောင်နိုင်သည့် အမှုကိစ္စများဖြစ်သည်။ ထိုလုပ်ငန်းတာဝန်များကို ပေါ့ပါးစွာထမ်းဆောင်ရင်းဖြင့် နိုင်ငံသားတာဝန်ကျေပွန်နိုင်သည်။ မိမိကျင်လည်ရာ လူမှုပတ်ဝန်းကျင်ကို အကျိုးမပြုနိုင်စေကာမူ အကျိုးယုတ်စေမည့်လုပ်ရပ်များ ပြုလုပ်ခြင်းမှ ရှောင်ရှားခြင်းဖြင့်လည်း နိုင်ငံသားတာဝန် ကျေပွန်နိုင်သည်။ လူသားတစ်ဦးအနေဖြင့် အသက်ရှင်သန်နေစဉ်ကာလအတွင်း အများအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးနိုင်မည်ဆိုပါက လူသားတာဝန်ကျေပွန်သူဖြစ်သည်။ ထိုမှတစ်ဆင့် တိုင်းပြည်နှင့်လူမျိုး အကျိုးအတွက် မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ဆောင်ရွက်တတ်သူများသည် လူသားတာဝန်ကျေပွန်သူဖြစ်ရုံသာမက အများအကျိုးအတွက် ပေးဆပ်တတ်သူများအဖြစ် သူရဲကောင်းစာရင်းဝင်သွားမည်ဖြစ်သည်။

**နိုင်ငံသားတို့ရဲ့တာဝန်**

နိုင်ငံတစ်နိုင်ငံ အဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရေးအတွက် အရေးကြီးဆုံးသော အမျိုးသားရေး တာဝန်တစ်ရပ်မှာ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အစဉ်အလေးထားခြင်းပင်ဖြစ်သည်။ နိုင်ငံသားတိုင်း မိမိနိုင်ငံကို ထိပါးစော်ကားလာသည့် မည်သည့်ကိစ္စရပ်ကိုမဆို ခေါင်းငုံ့မခံ တန်ပြန်တိုက်စစ် ဆင်နွှဲလိုသည့် အမျိုးသားရေးစိတ်ဓာတ်ရှိနေကြဖို့လိုသည်။ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" ဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားများအနေဖြင့် အစဉ်ထာဝရ ဦးထိပ်ပန်ဆင်ထားရမည့် အမျိုးသားရေးတာဝန်များပင်ဖြစ်သည်။

နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်မှု အားနည်းသွားသည့်အခါ အချုပ်အခြာအာဏာသည် လွယ်လင့်တကူ ဆုံးရှုံးသွားနိုင်သည်။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင်ကြိုးစားရာတွင် အစိုးရတစ်ရပ်တည်းက ဆောင်ရွက်၍ ရနိုင်ကောင်းသော အရာမဟုတ်ပေ။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စစ်မှန်သော မျိုးချစ်စိတ်ဖြင့်သာ ထိန်းသိမ်းနိုင်သော အရာပင်ဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးက မိမိမြေကို တစ်လက်မမျှပင် အထိပါးမခံလိုသည့် မျိုးချစ်စိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်ရမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံ၏အနာဂတ်ကို လှပစွာဖန်တီးပုံဖော်မည့် အနာဂတ်ဗိသုကာများဖြစ်ကြသည့် လူငယ်များ၏ရင်တွင်း၌ မျိုးချစ်စိတ်ဓာတ်များ ကိန်းအောင်းနေရန်လိုသည်။ အတိတ်ကာလတစ်ခုတွင် အင်္ဂလိပ်တို့၏ ဗိုလ်ကျစိုးမိုးမှုကို မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ စည်းလုံးညီညွတ်မှုတို့ဖြင့် ပြန်လည်တွန်းလှန်ကာ လွတ်လပ်ရေးကို ရယူနိုင်ခဲ့သည်။ ယနေ့ခေတ်တွင်လည်း အတိအလင်း ကျူးကျော်ရန်စမှုမပြုရဲကြသော်လည်း နည်းလမ်းပေါင်းစုံသုံး၍ ရန်စနေကြသည်ကိုတွေ့ရသည်။ ထိုကဲ့သို့သော သွေးထိုးသပ်လျှိုကျူးကျော်ရန်စမှု ဟူသမျှကို လူငယ်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားနှင့် မျိုးချစ်စိတ်ဓာတ်တို့ဖြင့် တန်ပြန်တိုက်စစ်ဆင်ရမည်ဖြစ်သည်။

**မကုန်ခန်းနိုင်သော စွမ်းအင်**

နိုင်ငံတစ်နိုင်ငံ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိုနိုင်ငံအတွင်းရှိ နိုင်ငံသူ၊ နိုင်ငံသားတို့ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ပညာရည် မြင့်မားရေးတို့က အဓိကကျလှသည်။ "ယနေ့လူငယ် နောင်ဝယ်လူကြီး"ဆိုသကဲ့သို့ ယနေ့ကာလ လူငယ်များ၏ အခြေခံစိတ်ဓာတ်များတွင် နိုင်ငံနှင့်လူမျိုးအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးလိုသည့် နိုင်ငံသားကောင်းစိတ်ဓာတ်များ ကိန်းအောင်းနေဖို့လိုသည်။

လူငယ်ဆိုသည်မှာ နိုင်ငံတော်၏ အဖိုးမဖြတ်နိုင်သော ရတနာများဖြစ်သကဲ့သို့ အနာဂတ်အတွက်လည်း တာဝန်အရှိဆုံးသော အင်အားစုများဖြစ်ကြသည်။ လူငယ်တို့၏ ကိုယ်ရည်ကိုယ်သွေးနှင့် အသိဉာဏ်ပညာများကိုမြှင့်တင်ရင်း မျိုးချစ်စိတ်ဓာတ်ကို လက်နက်သဖွယ်ဆုပ်ကိုင်ကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်ရေးကြိုးစားကြရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံရာတွင် မျိုးဆက်သစ်လူငယ်များ၏ စိတ်ဓာတ်နှင့်ခံယူချက်များကို ကောင်းမွန်လာစေရေး ကြိုးစားခြင်းက အထိရောက်ဆုံးသော နည်းလမ်းပင်ဖြစ်သည်။ ရှိနေဆဲဖြစ်သော သယံဇာတအရင်းအမြစ်များသည် တစ်နေ့တစ်ချိန်တွင် ကုန်ခန်းသွားရသည်က လောကဓမ္မတာပင်ဖြစ်သည်။ လူငယ်များသည်ကား နိုင်ငံတော်အတွက် မကုန်ခန်းနိုင်သော အရင်းအမြစ်များပင်ဖြစ်သဖြင့် ထိုအရင်းအမြစ်များကို နိုင်ငံစွမ်းအားစွမ်းအင်များအဖြစ်ပြောင်းလဲပေးဖို့သာလိုသည်။

**လူငယ်ဆိုသည်မှာ**

လူငယ်ဆိုသည်မှာ စိတ်ဓာတ်ခံယူချက်နှင့် စိတ်ခွန်အားတို့ အပြည့်အဝရှိနေကြသည့် အသက်အရွယ်အပိုင်းအခြားကို ပိုင်ဆိုင်ထားကြသူများဖြစ်သည်။ အရာရာကို စိတ်အားထက်သန်စွာဖြင့် စူးစမ်းဆင်ခြင်ဆောင်ရွက်လိုသော စိတ်ဓာတ်ခံယူချက်တို့ကို တလွဲအသုံးချ၍ အဖျက်အမှောင့်လုပ်ရပ်များဆီသို့ လူငယ်များကို မသမာသောနည်းဖြင့် သွေးဆောင်စည်းရုံးနေကြသူများ၏ရန်ကလည်း မသေးလှပေ။ ဓွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားတတ်သည့် စိတ်ဓာတ်ခံယူချက်များနှင့် လူငယ်များက မကောင်းသည့်ဘက်သို့ မြူဆွယ်စည်းရုံးသူများနောက်သို့ လိုက်ပါသွားခြင်းမရှိအောင် ကြိုးစားကြဖို့လိုသည်။

လူငယ်တို့သည် အနာဂတ်ကာလကို အစဉ်ထာဝရ သာယာလှပစေလိုကြပြီး ထိုအနာဂတ်ကို ကိုယ်တိုင်လက်ဖြင့် ဖန်တီးပုံဖော်လိုကြသည်။ ထိုသူများ၏ လက်အတွင်းသို့ "အမျိုးကိုထိပါက မချိအောင်နာတတ်သည့်စိတ်ဓာတ်"၊ "နိုင်ငံနှင့်လူမျိုးအကျိုးအတွက် မိမိတို့၏အရိုးကိုပင် စည်းရိုးထိုး၍ ကာကွယ်လိုသည့် စိတ်ဓာတ်"၊ "အများအကျိုးအတွက် မိမိ၏ အသက်ကိုပဓာနမထားတတ်သည့် သူရဲကောင်းစိတ်ဓာတ်"၊ "နိုင်ငံတော်အတွက် ကျရာနေရာမှ ပါဝင်လိုသည့်စိတ်ဓာတ်" စသည့် သူရဲကောင်းစိတ်ဓာတ်နှင့်ခံယူချက်များ ထည့်ပေးလိုက်ဖို့လိုသည်။ ထိုစိတ်ဓာတ် ခံယူချက်များသည် အမျိုးသားရေးစိတ်ဓာတ် အခြေခံအုတ်မြစ်များပင်ဖြစ်သည်။

**မျိုးဆက်သစ်တို့တာဝန်**

မြန်မာ့သမိုင်းကို ပြန်ကြည့်သည့်အခါတွင် တိုင်းတစ်ပါးတို့၏ သွေးထိုးနှောင့်ယှက်မှုများနှင့် ရန်စကျူးကျော်မှုများကြောင့် မိမိတို့နိုင်ငံ၏လွတ်လပ်ရေးကို ဆုံးရှုံးခဲ့ရသည်။ ထိုလွတ်လပ်ရေးကို ပြန်လည်ရယူခဲ့ရာတွင်လည်း မျိုးချစ်ခေါင်းဆောင် လူငယ်တို့၏ အစဉ်ထာဝရ နိုးကြားနေသည့် မျိုးချစ်စိတ်ဓာတ်တို့ဖြင့်သာ ပြန်လည်ရယူနိုင်ခဲ့သည်ကို တွေ့ရသည်။ မျိုးချစ်ခေါင်းဆောင် လူငယ်များသည် မိမိတို့၏ ဘဝရေးရာကိစ္စများထက် နိုင်ငံ့အရေးကိုဦးစားပေး၍ အသက်နှင့်ရင်းကာ တိုက်ပွဲဝင်ခဲ့ကြသဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယနေ့အချိန်အခါတွင် တည်တံ့ခိုင်မြဲနေပြီဖြစ်သည့် လွတ်လပ်ရေးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို တိုက်ရိုက်ထိပါးစော်ကားလာမှုများ မရှိတော့သော်လည်း နည်းလမ်းပေါင်းစုံဖြင့် သွေးထိုးနှောင့်ယှက်ခြင်းတို့ကိုလည်း သတိပြုရမည်ဖြစ်သည်။ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်ရေး ကြိုးစားခြင်းသည် မျိုးချစ်စိတ်ဓာတ်မြစ်ဖျားခံသော "ဂုဏ်ယူဖွယ်ရာ ပေးဆပ်မှု"၊ "သမိုင်းမှတ်တမ်းရေးထိုးနိုင်သည့်" တာဝန်ကျေပွန်မှုတို့သာဖြစ်သည်။

နိုင်ငံ၏အချုပ်အခြာအာဏာကို ကာကွယ်နိုင်ရေးအတွက် မျိုးဆက်သစ်လူငယ်တို့အနေဖြင့် ပါဝင်ဆောင်ရွက်သည့် အမှုကိစ္စများ များစွာရှိသည့်အနက် ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့ ပါဝင်တက်ရောက်၍ ယောကျ်ားကောင်းတို့ အစဉ်လိုလားတောင့်တသည့် သားကောင်းဇာနည် စစ်သည်ဘဝကို ခေတ္တခဏ ရယူနိုင်သည့် အခွင့်အရေးကလည်း မိမိတို့နိုင်ငံတွင်ရှိနေပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့ ပါဝင်တက်ရောက်၍အချုပ်အခြာအာဏာ ကာကွယ်ရေး၏ အဓိကမဏ္ဍိုင်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး ပညာရပ်များကို ကောင်းမွန်စွာလေ့လာသင်ကြားနိုင်ပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများ ပြီးမြောက်၍ နိုင်ငံသားကောင်း တာဝန်ကျေပွန်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်အတွက် အားထားစရာ စွမ်းအားစုများဖြစ်လာနေပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများသည် စစ်ပညာကိုသာမက လူငယ်တို့အတွက် စိတ်ဓာတ် ပြုပြင်ရေးနှင့်စပ်လျဉ်းသည့် ပညာရပ်များဖြစ်သည့် "အမိန့်နာခံတတ်မှု၊ တာဝန်ကျေပွန်မှု၊ စည်းကမ်းရှိမှု၊ ကျန်းမာရေးနှင့် အညီနေထိုင်တတ်မှု၊ အခက်အခဲကို ကြံ့ကြံ့ခံနိုင်မှု၊ ရဲဘော်ရဲဘက်စိတ်ဓာတ်ထားရှိနိုင်မှု၊ အများအတွက် ပေးဆပ်လိုမှု" စသည့်တန်ဖိုးမဖြတ်နိုင်သည့် စိတ်ဓာတ် အခြေခံကောင်းများကိုပါ တစ်ပါတည်း လေ့ကျင့်သင်ကြားပေးနေသည်ကို တွေ့ရသည်။

**တာဝန်ကျေပွန်ကြပါစို့**

နိုင်ငံ့သားကောင်း မျိုးဆက်သစ်လူငယ်များအနေဖြင့် ရှေးဘိုးဘွားများ လက်ဆင့်ကမ်းထားခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မိမိတို့ လက်ထက်တွင် ပိုမိုခိုင်မာအောင် တည်ဆောက်သွားရမည့် "သမိုင်းပေးတာဝန်" ရှိနေသည်။ ထိုတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းသည် မိမိတို့ကိုယ်တိုင်အတွက်သာမက မိမိတို့၏ နောင်လာနောက်သားများအတွက်ပါ အေးချမ်းသာယာသည့် လူ့ဘောင်လောကကို အမွေပေးခဲ့ခြင်းပင် ဖြစ်ပေသည်။ "တာဝန်"ဆိုသည်မှာ မဖြစ်မနေ လုပ်ဆောင်ရမည့်အမှုကိစ္စ၊ ဝတ္တရားဖြစ်သကဲ့သို့ "လူငယ်"ဆိုသည်မှာ ထိုဝတ္တရားကို အကောင်းဆုံး ထမ်းဆောင်နိုင်မည့် မကုန်ခန်းနိုင်သော စွမ်းအားစုများဖြစ်ကြသည်။ နိုင်ငံတော်ကာကွယ်ရေးသည် အနာဂတ်ကို ပိုင်ဆိုင်မည့် လူငယ်များ၏ တာဝန်သာဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ဇာတိသွေး ဇာတိမာန် အပြည့်ဖြင့် မိမိတို့၏ ပေးဆပ်လိုစိတ်ကို လက်တွေ့ကျကျ ဖော်ဆောင်ကြရန်နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အသက်နှင့်ထပ်တူ ချစ်မြတ်နိုးစွာ ကာကွယ်စောင့်ရှောက်ရင်းဖြင့် လူငယ်တို့၏ သမိုင်းပေးတာဝန်ကို ကျေပွန်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**

# Foreign state dignitaries send congratulatory messages to Senior General Min Aung Hlaing on his election of President

**The following are congratulatory messages from foreign state dignitaries sent to Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing on his election of President.**

## Press Release

Samdech Akka Moha Sena Padei Techo HUN SEN, President of the Senate of the Kingdom of Cambodia sent a congratulatory message to H.E. Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

Your Excellency,

On behalf of the Senate of the Kingdom of Cambodia and the Cambodian People's Party, I wish to extend my sincere congratulations to Your Excellency on your election by the Parliament of Myanmar as President of the Republic of the Union of Myanmar on 3 April 2026.

I highly value the growing relations and cooperation and longstanding friendship between our two countries, which are deeply intertwined by shared cultural and religious affinities,as well as mutual respect and understanding. I am confident that these ties and cooperation will continue to develop during your tenure for the further tangible mutual benefit of our nations.

I stand ready to continue working closely with Your Excellency to further enhance our countries relations, friendship and cooperation for the best Interests of our two peoples, thereby contributing to peace, stability, and prosperity in the region and beyond.

Please accept, Excellency, the renewed reassurances of my highest consideration and my best wishes of continued good health, happiness, and successes in all your endeavors.

**HUN SEN**

## Press Release

Excellency,

I would like to express my special joy and honour at the commencement of Your Excellency's duties as President of the Republic of the Union of Myanmar.

The election of Your Excellency to undertake such a high and honourable responsibility serves as strong evidence that the entire population recognizes and appreciates Your Excellency's efforts in ensuring national stability, consolidating state authority, and advancing the country's development.

We highly value Your Excellency's consistent support and assistance in Myanmar-Russia cooperation, particularly in important fields such as space exploration. Thanks to Your Excellency's firm stance and committed actions, significant progress has been achieved in this sector.

I would like to reiterate that we are fully prepared to continue developing a mutually beneficial and deeper partnership between our two countries.

I wish Your Excellency, along with all the people of the Republic of the Union of Myanmar, good health, well-being, and lasting peace.

With regard,

**Dmitry Vladimirovich Bakanov**
**Government Advisor (Senior) to the Russian Federation**
**General Director, Roscomos State Corporation**

## Press Release

Mr. Chu Cong Phung, President of the Vietnam-Myanmar Friendship Association sent a congratulatory message to H.E. Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

Your Excellency,

On behalf of the Vietnam- Myanmar Friendship Association,I have the distinct honor to convey our most heartfelt congratulations on your historic election as The 11th President of the Republic of the Union of Myanmar.

This momentous occasion is a resounding testament to the unwavering trust and profound confidence placed in Your Excellency by the people of Myanmar. Your success at the polls reflects the people's deep appreciation for the peace and order meticulously maintained under your leadership.

As the Chariman of a people-to-people diplomatic organization, I find it a singular and extraordinary honor to be able to address Your Excellency directly. In international practice, it is rare for a friendship association to have the privilege of sending congratulations to a Head of State. This opportunity clearly reflects Your Excellency's profound vision and personal commitment to the importance of " people-to-people" diplomacy. It demonstrates that you value not only formal state ties but also the sincere sentiments between the common people of our two nations. This gesture provides our Association with immense encouragement in our mission to serve as a bridge of friendship.

Under your new mandate, we are entirely confident that the Vietnam-Myanmar Comprehensive Cooperative Partnership will reach unprecedented heights. We believe that Myanmar, under your wise stewardship, will continue to be a pillar of stability and prosperity in the region. Our Association pledges to remain a faithful partner in promoting the image of a developing and peaceful Myanmar to the Vietnamese public.

I wish Your Excellency robust health, happiness, and great success in leading the Republic of the Union of Myanmar toward a future of unity and sustainable development.

Yours respectfully,

**Mr. Chu Cong Phung**
**Chariman of Vietnam- Myanmar Friendship Association**

# Mawlaik District completes harvest of winter niger seeds

**Mawlaik April 7**

All of niger seeds planted during the winter crops planting season in Mawlaik District have been harvested, according to the statistics of the Department of Agriculture for Mawlaik District.

During the winter crops planting season in Mawlaik District, 3,754 acres of niger seeds were planted, and the harvest started in January this year. To date, 1,610 acres in Mawlaik Township and 2,144 acres in Myaung Township have been harvested, totaling 3,754 acres, with an output of 15.71 baskets per acre.

"Niger seed is cultivated every year. It is used as cooking oil and medicine. During the winter crops planting season in Mawlaik District, 3,754 acres of niger seeds were planted. Currently, all of the acres of niger seeds planted have been harvested," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

In Mawlaik District, niger seeds are grown regularly every year, while in Sagaing Region, niger seeds and mustard are mostly grown in Katha and Kawlin. 206

# Parties, associations and organizations issue special congratulatory messages on election of Senior General Min Aung Hlaing as President

**Nay Pyi Taw April 7**

Senior General Min Aung Hlaing selected as Vice President by the group of the elected Pyithu Hluttaw representatives was elected as President by the Presidential Electoral College comprising all Pyidaungsu Hluttaw representatives at the presidential election on 3 April 2026. The Myanmar Farmers' Development Party, the National Interest Development Party, the Pa-O National Organization (PNO), the Myanmar Writers's Association, Shweyaung Thamaing Social Welfare Association, Mayangon Township, Mayangon District, Yangon Region, Myanmar Forest Products and Timber Merchants Association, Myanmar Engineering Council, Myanmar Architect Council, Myanmar Traditional Artists and Artisans Organization, Inspection Expert Group for High-Rise and Public Building Construction Projects, Myanmar-China Friendship Association (Central) and General Administration Department Former Staff Association issued special congratulatory messages on election of Senior General Min Aung Hlaing as President.

These congratulatory messages stated that they are deeply honoured and delighted that the Pyidaungsu Hluttaw has elected Senior General Min Aung Hlaing as President of the Republic of the Union of Myanmar. Under the leadership of the President, may our nation enjoy peace, stability, and modern development. We fully believe that the Union government led by the President will successfully advance the interests of the nation and the ethnic peoples. May President-elect Senior General Min Aung Hlaing be blessed with peace of mind and good health, and the strength to faithfully serve the interests of the country and religion.

**100**

**Message of Congratulations**

The Myanmar Farmers' Development Party has sent a message of congratulations to President U Min Aung Hlaing, Vice President (1) U Nyo Saw, and Vice President (2) Daw Nan Ni Ni Aye, who were elected by the people following the recent election. The party expresses its full trust and belief that they will energetically serve the duties of the State.

**U Kyaw Swa Soe**
**Chairman of the Central Committee**
**Myanmar Farmers' Development Party**

**Congratulatory Messages**

The Electoral College, comprising all representatives of the Pyidaungsu Hluttaw, elected the President and Vice Presidents on 3 April 2026.

We wish to express our immense pleasure and honor regarding the election of Senior General Min Aung Hlaing as President, alongside U Nyo Saw and Daw Nan Ni Ni Aye as Vice Presidents.

We send this congratulatory message with full confidence that the government, led by the President, will successfully serve the interests of the State and its people. Furthermore, the PNO pledges its full cooperation in support of his service to the nation.

**Pa-O National Organization (PNO)**

**Heartfelt Congratulations**

"We, the Shweyaung Thamaing Social Welfare Association, express our immense pleasure and pride in Senior General Min Aung Hlaing on his election as the President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw.

May President Senior General Min Aung Hlaing enjoy good health and happiness while further serving the interests of the State, race, language, and religion."

**Shweyaung Thamaing Social Welfare Association**
**Mayangon Township, Mayangon District, Yangon Region**

**Message of Congratulations**

The Myanmar Engineering Council is deeply honored and delighted that Senior General Min Aung Hlaing was elected as the President of the Republic of the Union of Myanmar at the third session of Pyidaungsu Hluttaw held on April 3, 2026. We respectfully offer our best wishes for your physical and mental well-being as you carry out the duties of the State.

**Myanmar Engineering Council**

**Heartfelt congratulations**

The Myanmar Traditional Artists and Artisans Organization heartily congratulates Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw and wish the Republic of the Union of Myanmar further prosperity and development under the leadership of the President.

**Myanmar Traditional Artists and Artisans Organization**

**Heartfelt congratulations**

We announce that the National Interest Development Party (NIDP) sends heartfelt congratulations on Senior General Min Aung Hlaing for his election as President, on U Nyo Saw for his election as Vice President (1) and on Daw Nan Ni Ni Aye for her election as Vice President (2) by the Third Pyithu Hluttaw of the Republic of the Union Myanmar on 3 April, 2026.

May the mother country be prosperous and developed under the leadership of the President and may the President be able to carry out duties of the State in peace of mind and physical well-being.

**The Central Executive Committee,**
**National Interest Development Party**

**Message of Congratulations**

The Myanmar Writers Association is deeply and heartedly honored and delighted that the Union Parliament has elected Senior General Min Aung Hlaing as the President of the Republic of the Union of Myanmar.

We offer our prayers and best wishes for the President to be endowed with physical and mental well-being and to be able to continue serving the interests of the State, as well as the interests of the nation, religion, and Sasana, with ever-increasing momentum.

**Myanmar Writers Association**

**Special congratulations**

The Myanmar Forest Products and Timber Merchants Association (MFPTMA) proudly welcomes Senior General Min Aung Hlaing as the 11th President of the Republic of the Union of Myanmar, elected by the Union Parliament, and extends its best wishes for his success in carrying out his duties for the benefit and development of the people of Myanmar.

**Myanmar Forest Products and Timber Merchants Association**

**Message of Congratulations**

The Myanmar Architect Council is deeply honored and delighted that Senior General Min Aung Hlaing was elected as the President of the Republic of the Union of Myanmar at the third session of Pyidaungsu Hluttaw held on April 3, 2026. We respectfully offer our best wishes for your physical and mental well-being as you carry out the duties of the State.

**Myanmar Architect Council**

**Heartfelt Congratulations**

We are greatly honored and delighted that, at the Third Session of the Union Parliament held on April 3, 2026, Senior General Min Aung Hlaing was elected and appointed as the President of the Republic of the Union of Myanmar. We respectfully extend our sincere prayers and best wishes for his good health and for him to be able to carry out the duties of the State successfully with both physical and mental well-being.

**Inspection Expert Group for High-Rise and**
**Public Building Construction Projects**

*See Page 14*

*From Page 13*

**Special congratulations**

We extend our deep pride and heartfelt congratulations to Senior General Min Aung Hlaing on his appointment as President of the Republic of the Union of Myanmar by the Union Parliament, and wish him good health and every success in advancing peace, prosperity, and national development.


**General Administration Department Former Staff Association**

**Congratulations**

We heartily congratulate Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw and wish the new government success in multiple sectors under the leadership of the President and respectfully pray that the President will perform duties of the State in physical and mental well-being.

**Myanmar-China Friendship Association (Central)**

# 126 illegal foreign nationals engaged in online scam and gambling operations arrested along with business-related equipment near Panku Village in Tachilek Township



Individuals engaged in online scam and gambling operations arrested along with residential buildings and related equipment near Panku Village in Tachilek Township.



Foreign nationals engaged in online scam and gambling operations near Panku Village, Tachilek City.

**Nay Pyi Taw April 7**

The government, viewing the fight against online scam and gambling—which pose a threat to the international community and the entire world—as a national duty, has been actively working to ensure such activities cannot establish a foothold in Myanmar. This effort involves coordinating with domestic forces as well as neighboring governments. Today, in the afternoon, it was reported that in Tachilek Township, eastern Shan State, 126 foreign nationals were arrested along with equipment used in their operations. These individuals were engaged in online scam and gambling activities.

According to intelligence that online scam and gambling operations were being conducted in Tachilek Township, eastern Shan State, a combined team including security forces conducted a search. Around 1:30 PM today, approximately 13,000 meters northwest of Tachilek City and about 3,000 meters southwest of Panku Village, they discovered nine structures roofed and walled with corrugated iron sheets and fitted with plywood flooring: one building (120 ft long × 60 ft wide) used for online scam and gambling, one residential/dining building (200 ft × 60 ft) including a kitchen and sleeping quarters, one operational building, one small store building (35 ft × 30 ft), one warehouse (40 ft × 35 ft), two sleeping quarters (40 ft perimeter each), one gatehouse (15 ft × 12 ft), and one restroom building (60 ft × 5 ft). Inside, authorities arrested 126 illegally present foreign nationals: 122 Chinese men, 3 Chinese women, and 1 Lao woman. Seized items used in their online scam and gambling operations included 120 monitors, 97 system units, 46 all-in-one computers, 12 Starlink terminals, 12 Wi-Fi routers, 105 various mobile phones, and 1 large generator.

The seized equipment will be processed according to procedures. Those arrested will be effectively prosecuted in accordance with the law. Authorities will continue to identify and take legal action against any accomplices or masterminds behind the operations.

The Myanmar government remains actively cooperative in combating online fraud and gambling. For foreign nationals already in Myanmar for various reasons and somehow involved in such activities, the government will conduct investigations according to the law. Taking into account humanitarian considerations and bilateral friendships, it will repatriate individuals to their respective countries where appropriate, while arresting and formally handing over key offenders to relevant governments, and taking effective legal action as prescribed by law.

100



Foreign nationals engaged in online scam and gambling operations near Panku Village, Tachilek City.

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပြင်သစ်ကြည်းတပ်က ရန်သူ့ဒရုန်းများကိုကြားဖြတ်တိုက်ခိုက်မည့် ဒရုန်းများ၏ စစ်ဆေးရေးဆိုင်ရာစမ်းသပ်မှုများကို စတင်လုပ်ဆောင်




ပြင်သစ်ကြည်းတပ်၏ အမှတ် (၅၄) အမြောက်တပ်ရင်းသည် ရန်သူ့ဒရုန်းများကို ဝေဟင်၌ တိုက်ခိုက်ချေမှုန်းနိုင်သော ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများ၏ စစ်ဆင်ရေးဆိုင်ရာ စမ်းသပ်မှုများကို စတင်လုပ်ဆောင်နေပြီဖြစ်သည်ဟု Defence Blog သတင်းဌာနက ဧပြီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသည်မှာ ယူကရိန်းပဋိပက္ခတွင် တွေ့မြင်နေရသည့် Shahed နှင့် Lancet ကဲ့သို့သော တိုက်ခိုက်ရေးဒရုန်းစနစ်များ၏ ခြိမ်းခြောက်မှုကို တုံ့ပြန်ရန် ပြင်သစ်၏ လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ခြင်းဖြစ်သည်။

အဆိုပါ စမ်းသပ်စစ်ဆေးမှုများကို ပြင်သစ်၏ အနာဂတ်တိုက်ပွဲဝင်ကွပ်ကဲမှုဌာန (Comman dement du combat futur – CCF) ၏ ညွှန်ကြားချက်ဖြင့် လပေါင်းများစွာ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၎င်း၏ အဓိကလုပ်ဆောင်ချက်မှာ ယူကရိန်းစစ်မြေပြင်တွင် အောင်မြင်မှုရနေသည့် "ဒရုန်းဖြင့် ဒရုန်းကို ပြန်လည်တန်ပြန်တိုက်ခိုက်ဖျက်ဆီးခြင်း" ဟူသော စစ်ရေးအမြင် (Concept) ပေါ်တွင် အခြေခံထားခြင်းဖြစ်ကြောင်း သိရသည်။

အမှတ် (၅၄) အမြောက်တပ်ရင်း (54e RA) မှ ဦးဆောင်၍ CCF၊ ကြည်းတပ်နည်းပညာဌာန (STAT)နှင့် လက်နက်ခဲယမ်းညွှန်ကြားရေးမှူးရုံး (DGA) တို့ ပူးပေါင်းဆောင်ရွက်သော ဤစမ်းသပ်မှုကို DGA – EM Levant စမ်းသပ်ကွင်း၌ ပြုလုပ်လျက်ရှိသည်။

အဆိုပါ တပ်ရင်းသည် Destinus နှင့် Harmattan AI ကုမ္ပဏီတို့က ထုတ်လုပ်ထားသော ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းစနစ်အမျိုးမျိုး၏ စွမ်းဆောင်ရည်ကို အသေးစိတ် စစ်ဆေးအကဲဖြတ်လျက်ရှိကြောင်း သိရသည်။

ပြင်သစ်ကြည်းတပ်၏ ရည်မှန်းချက်မှာ သမာရိုးကျဒရုန်းများသာမက သတ်မှတ်ထားသော မြေပြင်အမှတ်အသားများအတိုင်း ပျံသန်းတိုက်ခိုက်သည့်လေဟုန်စီး တိုက်ခိုက်ရေးလက်နက်များ (Loitering Munitions) ကိုပါ ထိရောက်စွာ ကြားဖြတ်တိုက်ခိုက်နိုင်မည့် တန်ပြန်ဒရုန်းတိုက်ခိုက်ရေးစွမ်းရည်ကို တည်ဆောက်ရန်ဖြစ်သည်။ အထူးသဖြင့် Shahed နှင့် Lancet အမျိုးအစား ဒရုန်းခြိမ်းခြောက်မှုများကို နှိမ်နင်းရန် အဓိကထားခြင်းဖြစ်ကြောင်း သိရသည်။

ယခုစမ်းသပ်မှုများကို အထောက်အကူပြုရန်အတွက် ပြင်သစ်ကြည်းတပ်၏ အမှတ် (၅၄) အမြောက်တပ်ရင်းသည် သီးသန့်အဖွဲ့များစွာကို ဖွဲ့စည်းခဲ့ပြီး ကုမ္ပဏီနှစ်ခုမှ ပံ့ပိုးပေးထားသော ကြားဖြတ်တိုက်ခိုက်ရေး စနစ်များကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ရန် လေ့ကျင့်ပေးထားသည်။ တပ်ရင်းမှအော်ပရေတာများသည် အဆိုပါ ဒရုန်းစနစ်များကို စတင်ကိုင်တွယ်နေပြီဖြစ်ကာ စမ်းသပ်စစ်ဆင်ရေးကာလအတွင်း ဝေဟင်၌ ဒရုန်းအချင်းချင်း ကြားဖြတ်တိုက်ခိုက်သည့်အစီအစဉ်ပေါင်းများစွာကို လက်တွေ့အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းများသည် ခေတ်သစ်စစ်ပွဲများအတွက် ဖြစ်နိုင်ခြေရှိသော အဖြေတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ သမားရိုးကျ အမြောက်များသို့မဟုတ် ကုန်ကျစရိတ်ကြီးမားသော ဒုံးကျည်စနစ်များကိုသာ အားကိုးနေမည့်အစား ဤဒရုန်းစနစ်များသည် ဝေဟင်ခြိမ်းခြောက်မှုများကို တိုက်ရိုက်လိုက်လံချေမှုန်းနိုင်စွမ်းရှိပြီး ပိုမိုလျင်မြန်ကာ ကုန်ကျစရိတ်သက်သာသော ကာကွယ်ရေးအလွှာတစ်ခုကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

အမှတ် (၅၄) အမြောက်တပ်ရင်းအတွက်မူ ဤကြိုးပမ်းမှုသည် ပြင်သစ်ကြည်းတပ်၏ အထူးပြုလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အဖြစ် ၎င်း၏အခန်းကဏ္ဍနှင့် တိုက်ရိုက်ကိုက်ညီနေသည်။ ဤစမ်းသပ်မှုများသည် ယူကရိန်းပဋိပက္ခမှရရှိသော သင်ခန်းစာများကို အနောက်အုပ်စု စစ်ဘက်ဆိုင်ရာ အယူအဆများအတွင်းသို့ မည်မျှလျင်မြန်စွာ ထည့်သွင်းကျင့်သုံးနေသည်ကို ပြသနေခြင်းပင်ဖြစ်ပါတော့သည်။

**French Army tests new interceptor drones**ကိုဘာသာပြန်ဆိုထားပါသည်။

## ဆွီဒင်နိုင်ငံက ဒရုန်းအန္တရာယ်ကာကွယ်ရန် ဒေါ်လာ ၉၁၆ သန်းဖိုးရှိ လေကြောင်းရန်ကာကွယ်ရေးစနစ်များ ဝယ်ယူ



ဆွီဒင်နိုင်ငံသည် ၎င်းတို့၏ အရေးပါသော အခြေခံအဆောက်အအုံများနှင့် ဒရုန်းအန္တရာယ်များကို ကာကွယ်ရန်အတွက် အမေရိကန်ဒေါ်လာ ၉၁၆ သန်းတန်ဖိုးရှိ လေကြောင်းရန်ကာကွယ်ရေးဆိုင်ရာ စနစ်များကို ဝယ်ယူလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Defence Blog သတင်းဌာနက ဧပြီ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဝယ်ယူမည့်စနစ်များတွင် လေကြောင်းရန် ကာကွယ်ရေးစနစ်အမျိုးမျိုးနှင့် ဆက်စပ်ကွပ်ကဲမှုစနစ်များ ပါဝင်မည်ဖြစ်ပြီး ၎င်းတို့ကို ၂၀၂၇ ခုနှစ်နှင့် ၂၀၂၈ ခုနှစ်အတွင်း အပြီးသတ် ပေးပို့သွားမည်ဖြစ်သည်။ ထို့ပြင် စစ်ဘက်သုံးယာဉ်အစင်း ၇၀ ခန့်၊ Tridon အမြောက်စနစ်များစွာ၊ Trackfire စနစ်များ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးသုံးကိရိယာများနှင့် ကွပ်ကဲမှုစနစ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဆွီဒင်နိုင်ငံ၏ ယခုဝယ်ယူမှုသည် ဒေသတွင်းမရေရာသော လုံခြုံရေးအခြေအနေနှင့် ဒရုန်းအန္တရာယ်များကို တုံ့ပြန်ရန်အတွက် လုပ်ဆောင်နေသည့် ကျယ်ပြန့်သော စစ်ဘက်အင်အားဖြည့်တင်းမှု (Military rearmament) ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဤစာချုပ်များသည် အစိုးရ၏ ယခင်က ချမှတ်ထားသည့် လေကြောင်းရန် ကာကွယ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို လက်တွေ့ အကောင်အထည်ဖော်ခြင်းဖြစ်သကဲ့သို့ ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များ အရေးပေါ်ဝယ်ယူရန်အတွက် သီးသန့်သတ်မှတ်ထားသော ရန်ပုံငွေများကို အသုံးပြုခြင်းလည်းဖြစ်ကြောင်း သိရသည်။

ယခုဝယ်ယူမှုတွင် Tridon စနစ်များ ပါဝင်လာခြင်းမှာ အထူးသတိပြုဖွယ်ရာဖြစ်သည်။ Tridon စနစ်သည် အနီးကပ်လေကြောင်းရန်ကာကွယ်ရေးနှင့် ဒရုန်းတိုက်ဖျက်ရေးအတွက် အထူးဒီဇိုင်းထုတ်ထားသည့် ရွေ့လျားလေယာဉ်ပစ်အမြောက်စနစ်ဖြစ်သည်။ ၎င်းကို Trackfire ပစ်မှတ်ရှာဖွေရေးစနစ်၊ အီလက်ထရွန်နစ်စစ်ဆင်ရေး ကိရိယာများနှင့် ပေါင်းစပ်အသုံးပြုခြင်းအားဖြင့် ထောက်လှမ်းရေးဒရုန်းများ၊ တစ်ခါသုံးတိုက်ခိုက်ရေးဒရုန်းများနှင့် အခြားဝေဟင်ခြိမ်းခြောက်မှုများကို အလွှာလိုက်ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဤကဲ့သို့သော ရွေ့လျားစနစ်များသည် အရေးကြီးသည့် အခြေခံအဆောက်အအုံများ၊ စစ်ဘက်ဆိုင်ရာ အဆောက်အအုံများနှင့် မြို့ပြဒေသများကို အနိမ့်ပျံဒရုန်းများရန်မှ ကာကွယ်ရန်အတွက် ခေတ်သစ်စစ်ပွဲများတွင် မရှိမဖြစ်လိုအပ်သော စွမ်းဆောင်ရည်တစ်ခုဖြစ်လာသည်။

ယခုဝယ်ယူလိုက်သည့် အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် ကွပ်ကဲမှုစနစ်များသည် ပစ်မှတ်များကို ထောက်လှမ်းခြင်း၊ ရန်သူ့အချက်ပြလှိုင်းများကို နှောင့်ယှက်ခြင်းနှင့် ကာကွယ်ရေးပစ္စည်းများကြား အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို အထောက်အကူပြုမည်ဖြစ်သည်။ ဤစနစ်များသည် ဒရုန်းများကို တိုက်ဖျက်ရာတွင် ကျည်ဆန်ဖြင့် ပစ်ခတ်ဖျက်ဆီးခြင်းနှင့် အီလက်ထရွန်နစ်လှိုင်းများဖြင့် နှောင့်ယှက်ဖျက်ဆီးခြင်းဟူသော နည်းလမ်းနှစ်မျိုးစလုံးကို အသုံးပြုနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**Sweden buys Tridon systems for rapid drone defense** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။

နေပြည်တော် ဧပြီ ၇

တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စု လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စု လွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၈၅ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စု တရားစီရင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု တရားသူကြီးချုပ်အပါအဝင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ကိုးဦး ဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါတင်ပြချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် လွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ကိုးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်းတင်ပြချက်ကို လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ဦးသာဒွေးကို ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ကြောင်းပြောကြားပြီး အဆိုပါပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသည့်အတွက် လွှတ်တော်သို့ တင်ပြထားသော ဦးသာဒွေးကို ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ၁၅ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ကြောင်းပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးသန်းစိုး၊ ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်းနှင့် ဒေါ်ခင်သင်းဝေတို့ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ယင်းအဖွဲ့မှ ဦးသန်းစိုးကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ချက်တို့နှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြင့်စန်းက အစိုးရအဆက်ဆက်က တောင်သူလယ်သမားများနှင့် သက်ဆိုင်သည့် ဥပဒေများပြဋ္ဌာန်းပေးသော်လည်း လက်တွေ့မြေပြင်တွင် အားနည်းနေသည်ကိုတွေ့ရကြောင်း၊ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေစသည်ဖြင့် ဥပဒေ ၂၀ ခန့်ရှိသော်လည်း တောင်သူလယ်သမားများအတွက် ထိရောက်မှုအားနည်းသည့်အပြင် မူဝါဒများ ပေါင်းစည်းနိုင်မှုမရှိသောကြောင့် ဗဟိုအဆင့်အနေဖြင့် စနစ်တကျကွပ်ကဲသင့်သည်ကို စိစစ်တွေ့ရှိရကြောင်း။

တောင်သူလယ်သမားရေးရာဝန်ကြီးဌာနပေါ်ပေါက်လာလျှင်တောင်သူလယ်သမားမိသားစုများအတွက် မြေယာစီမံခန့်ခွဲရေးကိစ္စရပ်များ လွယ်ကူချောမွေ့ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို ခေတ်မီနည်းပညာများ၊ စက်ကိရိယာများ၊ မျိုးစေ့သစ်များ၊ စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးပညာများ သင်ကြားပေးနိုင်ပြီး သာမန်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ နိုင်ငံအဆင့်၊ ကမ္ဘာ့အဆင့် စားနပ်ရိက္ခာထုတ်လုပ်သော နိုင်ငံအဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်ကြောင်း။

တောင်သူလယ်သမားရေးရာဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပြီး ပြည်ထောင်စုဝန်ကြီးတစ်ဦးက ဦးစီးဆောင်ရွက်သင့်ကြောင်း၊ ဝန်ကြီးဌာန မဖွဲ့စည်းနိုင်သေးသည့်အချိန်တွင် တောင်သူလယ်သမားများ၏ ကိစ္စအဝဝကို သီးခြားဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် တောင်သူလယ်သမားရေးရာဦးစီးဌာနတစ်ခုအဖြစ်ဖွဲ့စည်းပေးရန် အကြံပြုဆွေးနွေးသည်။

ယင်းနောက် ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ အရ ပြည်ထောင်စုလွှတ်တော်သည် ဇယား ၁ တွင် ဖော်ပြထားသော ပြည်ထောင်စု ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုခွင့်ရှိသဖြင့် ပြည်ထောင်စုဥပဒေပြုစာရင်း အပိုဒ်(၅) စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ အပိုဒ်ခွဲ (င)၊ (ဈ)၊ (ည)တို့တွင်ပါရှိသည့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊ စက်မှုလယ်ယာအဖြစ် တိုးမြှင့်ဆောင်ရွက်ရေးလုပ်ငန်းများ၊ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးထုတ်လုပ်ရေးလုပ်ငန်းများနှင့် တောင်သူလယ်သမား အခွင့်အရေးများအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများအတွက် လုံလောက်သော စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း လေးချက်နှင့်အညီ နည်းစနစ်မှန်ကန်စွာစိုက်ပျိုးနိုင်ရေးအတွက် နည်းပညာများဖြန့်ဖြူးခြင်း၊ တောင်သူလယ်သမားများရသင့်ရထိုက်သော အခွင့်အရေးများရရှိရေးဆောင်ရွက်နိုင်ရေးတို့အတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းသင့်ကြောင်း။

ထို့ပြင် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကို ပေါင်းစပ်ဖွဲ့စည်းမည့်အစား ဟိုတယ်ခရီးသွားလာရေးဝန်ကြီးဌာနတစ်ခုနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတစ်ခုအဖြစ် သီးခြားစီဖွဲ့စည်းသင့်ကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ကလောမဲဆန္ဒနယ်မှ ဒေါက်တာ နန္ဒာလှမြင့်က လက်ရှိအခြေအနေတွင် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးသွားသော စည်ပင်သာယာနယ်နိမိတ်အဖြစ် သတ်မှတ်ထားသောမြို့များကို ပြန်လည်တည်ဆောက်ရာတွင် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အခြားမြို့များနည်းတူ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ဒေသနေပြည်သူများထံမှရရှိသော အခွန်အခကောက်ခံရရှိငွေဖြင့်သာ လုပ်ဆောင်ရမည်ဆိုပါက အခက်အခဲများစွာရှိနေသည့်အတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအနေဖြင့်လုပ်ကိုင်ပါက အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား(၂)အပိုဒ်(၈)၊ စီမံခန့်ခွဲရေးကဏ္ဍတွင် ထည့်သွင်းထားသည့် စည်ပင်သာယာရေးအဖွဲ့ကို ပြည်ထောင်စုအဆင့်အဖြစ် လွှတ်တော်အတွင်းပြင်ဆင်ပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ချက်တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်သုံးဦး၏ အကြံပြုဆွေးနွေးချက်များအပေါ် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၏ ရှင်းလင်းဖြေကြားချက်ကို ဖတ်ကြားရာတွင် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး ကျေးလက်နေပြည်သူအများစုသည် တောင်သူလယ်သမားများဖြစ်သောကြောင့် တောင်သူလယ်သမားများ၏ အခန်းကဏ္ဍမြှင့်တင်ရေးသည်လည်း အရေးကြီးကြောင်း၊ လက်ရှိတွင် တောင်သူလယ်သမားရေးရာကိစ္စရပ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့်အတွက် တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာနကို သီးခြားဝန်ကြီးဌာနတစ်ခုအနေဖြင့် ဖွဲ့စည်းမထားခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် စိုက်ပျိုးရေးဦးစီးဌာနကို ဖွဲ့စည်းထားရှိကြောင်း။

မြန်မာ့လယ်ယာကဏ္ဍတွင် စိုက်ပျိုးရေး၊ သားငါးမွေးမြူရေးနှင့် သစ်တောကဏ္ဍများ ပါဝင်ပြီး လယ်ယာကဏ္ဍသည် မြန်မာနိုင်ငံ၏ အရေးပါသောအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာကဏ္ဍအခွင့်အလမ်းကောင်းများကို ဖော်ထုတ်ပေးနိုင်ရန်အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အရည်အသွေးမီလယ်ယာနှင့် သားငါးထွက်ကုန်များကို ပြည်တွင်း၌သာမက ပြည်ပဈေးကွက်အထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနသည် ဝန်ကြီးဌာန၏ လယ်ယာကဏ္ဍမူဝါဒများ၊ မျှော်မှန်းချက်များပြည့်မီရန်ရည်ရွယ်ပြီး မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ ရည်ရွယ်ချက်များ၊ မူဝါဒများ၊ လုပ်ငန်းများနှင့် လုပ်ငန်းစဉ်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မျှော်မှန်းချက်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ်ဖော်ဆောင်ရန်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များထဲတွင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လမ်းများနှင့် တံတားများ တည်ဆောက်ခြင်းနှင့်ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကျေးလက်ဒေသနေပြည်သူများအလုပ်အကိုင်ရရှိရေးနှင့်စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်နိုင်ရန် အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးလက်နေပြည်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် ဒေသထုတ်ကုန်များဈေးကွက်ရရှိရေး ချိတ်ဆက်ကူညီဆောင်ရွက်ပေးရန်ဆိုသည့် လုပ်ငန်းတာဝန်များ ပါဝင်ကြောင်း။

လက်ရှိတွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန နှစ်ခုသည် တောင်သူလယ်သမားရေးရာကိစ္စများကို ဟန်ချက်ညီညီဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံအများစု၏ဝန်ကြီးဌာနဖွဲ့စည်းမှုကို ကြည့်မည်ဆိုလျှင်လည်း တောင်သူလယ်သမားရေးရာကိစ္စရပ်များကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာနအဖြစ် သီးခြားဝန်ကြီးဌာနတစ်ခုကို ထပ်မံတိုးချဲ့ပြီးဖွဲ့စည်းမှုမပြုခြင်းဖြစ်ကြောင်း။

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုကို ဝန်ကြီးဌာနတစ်ခုတည်း ပေါင်းစပ်ဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်သည် ယဉ်ကျေးမှုကို ခရီးသွားလုပ်ငန်း၏ အဓိကမောင်းနှင်အားအဖြစ်အသုံးချပြီး စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးကျေးဇူးများကို တစ်ပြိုင်တည်းရရှိစေရန်ဖြစ်ကြောင်း၊ နိုင်ငံအများအပြားတွင်လည်း ဟိုတယ်၊ ခရီးသွားနှင့် ယဉ်ကျေးမှုကိုပေါင်းစပ်ပြီး ဝန်ကြီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းဆောင်ရွက်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရရှိနိုင်သည့်အကျိုးကျေးဇူးများသည် ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးကို တစ်ပြိုင်တည်း



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးစဉ်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ကြောင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးစဉ်။

ညှိနှိုင်းနိုင်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကို အားပေးနိုင်ကြောင်း၊ခရီးသွားများကို ဒေသခံရိုးရာဓလေ့၊ အနုပညာ၊ သမိုင်းဝင်နေရာများနှင့် မိတ်ဆက်ပေးရာတွင် ပိုမိုထိရောက်စေမည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းကတစ်ဆင့် ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာချိန်တွင် ယဉ်ကျေးမှုဆိုင်ရာထိခိုက်မှုများကို လျှော့ချနိုင်ပြီး အမွေအနှစ်များကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကို ပေါင်းစပ်ခြင်းဖြင့် နိုင်ငံ၏ဆွဲဆောင်မှုအားမြှင့်တင်ကာ နိုင်ငံခြားခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဘတ်ဂျက်၊ လူအင်အားနှင့် အခြေခံအဆောက်အအုံများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအဖြစ် ပေါင်းစပ်ဖွဲ့စည်းရခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ ပုဒ်မ ၁၈၈ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော် လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်"ဟု ပြဋ္ဌာန်းထားပြီး ဇယား(၂)၊ အပိုဒ်(၈)၊ စာပိုဒ်ခွဲ(က)တွင် "စည်ပင်သာယာရေး" ဆိုသည့်ကဏ္ဍရပ်ပါဝင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၉ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သောကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်"ဟု ပြဋ္ဌာန်းထားကြောင်း။

ထို့ကြောင့် "စည်ပင်သာယာရေး" ကဏ္ဍသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုခွင့်ရှိပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏အုပ်ချုပ်မှုအာဏာအတွင်းကျရောက်သည့်ကိစ္စရပ်ဖြစ်ကြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များသည် ဒေသတစ်ခုအတွင်းနေ ပြည်သူများအတွက် နေ့စဉ်နှင့်အမျှ ထိတွေ့ဆောင်ရွက်ပေးနေရသော လုပ်ငန်းကိစ္စရပ်များဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဥပဒေနှင့်အညီ မိမိတို့ဒေသ၏ အခြေအနေ၊ အချိန်အခါနှင့် လိုက်လျောညီထွေရှိစေရန် ဆောင်ရွက်ခွင့်ပေးထားကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်၏သဘောတူညီချက်နှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအဆင့်တွင် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ရန် မသင့်သည်ကိုတွေ့ရှိရကြောင်း ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူကာ အဆိုပြုတင်ပြထားသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအရေအတွက် ၃၁ ခုနှင့် အဆိုပါပြည်ထောင်စုဝန်ကြီးဌာန အမည်သတ်မှတ်ချက်ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး လွှတ်တော်ကသဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် ရှစ်ဦး၏ အမည်စာရင်းများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး ယင်းပုဂ္ဂိုလ် ရှစ်ဦး၏အမည်ကို လွှတ်တော်က သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုစားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြကာ ဒေါက်တာခင်နိုင်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်နှင့် ဒေါက်တာစန္ဒာဦးတို့ကို လည်းကောင်း တာဝန်ပေးအပ်ရန် လွှတ်တော်သို့ တင်ပြထားကြောင်း ပြောကြားပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်က သဘောတူကြောင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သစ်ကို ဖွဲ့စည်းခန့်အပ်တာဝန်ပေးနိုင်ရေး သက်ဆိုင်ရာဥပဒေနှင့်အညီ လွှတ်တော်သို့ တင်ပြထားကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သစ်ကိုဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူ အဖွဲ့ဝင် သုံးဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူအဖွဲ့ဝင် သုံးဦး စုစုပေါင်းအဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်းနှင့် ယင်းအဖွဲ့မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏အမည်ကိုပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့တင်ပြထားကြောင်း ပြောကြားပြီး နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ရွေးချယ်တင်ပြထားသည့် အဖွဲ့ဝင်ကိုးဦး၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ရွေးချယ်တင်ပြထားသည့် အဖွဲ့ဝင် ကိုးဦးအနက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရွေးချယ်ထားသူ ဦးစိုးသိန်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်း ပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သစ်ဖွဲ့စည်းရန် လွှတ်တော်သို့တင်သွင်းထားသည့် အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်းကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသည့်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုဝန်ကြီးဦးရေ ၃၀ သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် ပြည်ထောင်စုဝန်ကြီး ဦးရေ ၃၀ သတ်မှတ်ချက်ကို လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေးပဉ္စမနေ့ကို ဧပြီ ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ကြောင်း သတင်းသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်
ဖနောင်ပင်မြို့

အဆွေတော် ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
နေပြည်တော်

အဆွေတော်၊

၂၀၂၆ ခုနှစ်၊ ဧပြီလ (၃) ရက်တွင် မြန်မာနိုင်ငံ၏ လွှတ်တော်က အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ကမ္ဘောဒီးယားနိုင်ငံတော်၏ အထက်လွှတ်တော်နှင့် ကမ္ဘောဒီးယားပြည်သူ့ပါတီကိုယ်စား ကျွန်ုပ်၏ စိတ်ရင်းမှန်ဖြင့် ဂုဏ်ပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ကြီးမားလာသည့် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ရေရှည်ချစ်ကြည်ရင်းနှီးမှုတို့ကို အလွန်တန်ဖိုးထားပါသည်။ ၎င်းတို့သည် ယဉ်ကျေးမှုနှင့် ဘာသာရေးဆက်နွယ်မှုများအပြင် အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့ဖြင့် နက်ရှိုင်းစွာဆက်စပ်လျက်ရှိပါသည်။ ဤဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အဆွေတော်၏ ရာထူးသက်တမ်းအတွင်း မိမိတို့၏ ပိုမိုလက်တွေ့ကျသော အပြန်အလှန်အကျိုးစီးပွားအတွက် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ကျွန်ုပ်သည် အဆွေတော်နှင့်နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး၊ မိတ်ဖက်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာတိုးတက်စေမည်ဖြစ်သည်။ နှစ်နိုင်ငံပြည်သူများ၏ အကျိုးအတွက်သာမက ဒေသတွင်းနှင့် ဒေသတွင်းကိုကျော်လွန်၍ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြလျက် အဆွေတော် ကျန်းမာပျော်ရွှင်၍ လုပ်ငန်းများအားလုံးအဆင်ပြေချောမွေ့ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

**ဟွန်ဆင်**

## တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

လွိုင်ကော် ဧပြီ ၇



တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် လွိုင်ကော်မြို့ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ကယားပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးရှိပြီး ကိုယ်စားလှယ်အားလုံး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းပြည့်ဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပြီး ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများ တာဝန်ပေးအပ်နိုင်ရေးအတွက် အဆိုပြုပေးပို့လာသည့် ပြည်နယ်ဝန်ကြီးများ၏ အမည်စာရင်းကို လွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးများ အမည်စာရင်းနှင့် စပ်လျဉ်း၍ ဘောလခဲခရိုင် မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစောဒီးဒီးက ကန့်ကွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး၏ အမည်စာရင်းကို လွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားတင်ပြပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တရားလွှတ်တော် တရားသူကြီးချုပ်၏ အမည်စာရင်းကို လွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြား တင်ပြပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် သဘောတူကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဆိုပြုပေးပို့လာသည့် တရားလွှတ်တော် တရားသူကြီးချုပ် အမည်စာရင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် တရားလွှတ်တော် တရားသူကြီးများ၏ အမည်စာရင်းများကို လွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားတင်ပြပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် သဘောတူကြောင်း ကြေညာသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် ပြည်နယ်ဝန်ကြီးများ၏ အမည်စာရင်းနှင့် စပ်လျဉ်း၍ ဘောလခဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစောဒီးဒီးက ကန့်ကွက်သည့်အတွက် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရန် စက်ခလုတ်နှိပ်၍ ဆန္ဒပြုကြသည်။ ထိုသို့ စက်ခလုတ်နှိပ်ဆန္ဒပြုရာတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၅ ဦးအနက် ထောက်ခံမဲ ၁၂ မဲ၊ ကန့်ကွက်မဲ နှစ်မဲ၊ ကြားနေမဲ တစ်မဲ ရရှိခဲ့ပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုပြုပေးပို့လာသည့် ဝန်ကြီးများ၏ အမည်စာရင်းကို အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့ ဒုတိယပိုင်းကိုရပ်နားပြီး ဧပြီ ၁၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ ပြည်နယ်ဝန်ကြီးများအဖြစ် ဗိုလ်မှူးကြီးသန်းစိုးအောင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဦးတင်လှ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ဦးအောင်မျိုးသိန်း လူမှုရေးရာဝန်ကြီး၊ ဦးရဲဝင်းလှိုင်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဦးဂျိုးဇက်ကျော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ဒေါ်နှင်းနှင်းရီ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ဦးစောဟူးဟူး စည်ပင်သာယာရေးဝန်ကြီးနှင့် ဒေါ်ခင်သန္တာထွန်း ဗမာတိုင်းရင်းသားရေးရာဝန်ကြီးတို့ကို ကယားပြည်နယ်လွှတ်တော်တွင် အတည်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## "မြန်မာသက္ကရာဇ် ၁၃၈၇ခုနှစ် တန်ခူးလဆုတ်(၁၂)ရက်နေ့မှ ကဆုန်လဆန်း(၁)ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ"

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများလိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(ည) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ ဘေးတွဲ ဆိုင်ကယ်များမှ စီးနင်းခြင်း လုံးဝမပြုရ။
(ဋ) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ) ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။
၃။ ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည် ဖြစ်ပါသည်။
၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။
၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးထားပြီး ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။
၆။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှု မဖြစ်ပါစေနှင့်"

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ကြူကုန်းဖုန် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ကြူကုန်းဖုန် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်း

ဟနွိုင်းမြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်

**အဆွေတော် ဦးမင်းအောင်လှိုင်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ**

**အဆွေတော်၊**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၁၁) ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းကိုယ်စား မိမိက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုကဲ့သို့ အရေးပါသောအခါသမယသည် အဆွေတော်အပေါ် မြန်မာပြည်သူများ၏ ခိုင်မာစွာယုံကြည်မှုကို အထင်အရှားသက်သေပြလျက်ရှိပါသည်။ ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့မှုသည် အဆွေတော်၏ ဦးဆောင်မှုအောက်တွင် ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုများရရှိခဲ့သည့်အပေါ် ပြည်သူများကကျေးဇူးတင်ရှိလျက်ရှိသည်ကို ထင်ဟပ်စေလျက်ရှိပါသည်။

ပြည်သူအချင်းချင်းဆက်ဆံရေးဆိုင်ရာသံတမန်အသင်း၏ ဥက္ကဋ္ဌအနေဖြင့် အဆွေတော်ထံသို့ သဝဏ်လွှာ တိုက်ရိုက်ပေးပို့ခွင့်ရရှိသည့်အတွက် ဂုဏ်ယူမိပါသည်။ နိုင်ငံတကာဓလေ့ထုံးတမ်းများအရ ချစ်ကြည်ရေးအသင်းတစ်ခုက နိုင်ငံတော်အကြီးအကဲတစ်ဦးထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ လိပ်မူပေးပို့ခွင့်ရရှိခြင်းမှာ ရှားပါးသည့်အခွင့်အရေးဖြစ်ပါသည်။ မိမိ ယခုကဲ့သို့အခွင့်အရေးရရှိခြင်းသည် ပြည်သူအချင်းချင်းသံခင်းတမန်ခင်း၏ အရေးပါမှုအပေါ် အဆွေတော်၏ ထူးခြားသောအမြင်နှင့် ကတိကဝတ်ပြုမှုကို ထင်ဟပ်စေလျက်ရှိပါသည်။ အဆွေတော်အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကိုသာမက နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကိုလည်း တန်ဖိုးထားလျက်ရှိသည်ကို ပြသလျက်ရှိပါသည်။ ယင်းသည် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုအတွက် ပေါင်းကူးတစ်ခုသဖွယ် ဆောင်ရွက်လျက်ရှိသည့် မိမိတို့အသင်းအတွက် ကြီးမားသောအင်အားတစ်ရပ်ဖြစ်ပါသည်။

အဆွေတော်ရာထူးတာဝန်သစ်ထမ်းဆောင်ချိန်တွင် ဗီယက်နမ်-မြန်မာ ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးသည် ယခင်ကထက် သာလွန်ကောင်းမွန်သည့်အဆင့်သို့ ရောက်ရှိတက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံသည် ဒေသတွင်းတည်ငြိမ်မှုနှင့် သာယာဝပြောမှု၏ မဏ္ဍိုင်တစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဟု ယုံကြည်ပါသည်။ မြန်မာနိုင်ငံ၏ တိုးတက်၍ ငြိမ်းချမ်းသည့်ပုံရိပ်ကို ဗီယက်နမ်ပြည်သူများထံသို့ မြှင့်တင်အသိပေးရာတွင် မိမိတို့အသင်းက ယုံကြည်ရသည့်မိတ်ဖက်အဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။

အဆွေတော်အနေဖြင့် စည်းလုံးညီညွတ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဦးဆောင်ရာတွင် ကျန်းမာမှု၊ ပျော်ရွှင်မှု၊ အောင်မြင်မှုများနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လေးစားမှုဖြင့်

မစ္စတာ ကြူကုန်းဖုန်
ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အစိုးရအကြံပေး(ပထမတန်း) နိုင်ငံပိုင် Roscomos ကော်ပိုရေးရှင်း အထွေထွေညွှန်ကြားရေးမှူးချုပ် Dmitry Vladimirovich Bakanov ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အစိုးရအကြံပေး(ပထမတန်း) နိုင်ငံပိုင် Roscomos ကော်ပိုရေးရှင်း အထွေထွေညွှန်ကြားရေးမှူးချုပ် Dmitry Vladimirovich Bakanov ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ရက်စွဲ၊ ၇-၄-၂၀၂၆ စာအမှတ်၊ ဘီ-၂၃၄၆-၁၀၁-ယူ

သို့

**ဦးမင်းအောင်လှိုင်**

**သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**လေးစားအပ်ပါသော သမ္မတကြီးခင်ဗျား၊**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် တာဝန်စတင်ထမ်းဆောင်သည့်အတွက်ကြောင့် ကျွန်ုပ်အနေဖြင့် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုကဲ့သို့ မြင့်မြတ်လှသောတာဝန်ကို ထမ်းဆောင်ရန်ရွေးချယ်ခံရခြင်းသည် နိုင်ငံတော်တည်ငြိမ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဆွေတော်၏ ကြိုးပမ်းအားထုတ်မှုများကို ပြည်သူလူထုတစ်ရပ်လုံးက အသိအမှတ်ပြုကြောင်း ခိုင်မာသော သက်သေအထောက်အထားပင် ဖြစ်ပါသည်။

ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် အာကာသစူးစမ်းလေ့လာရေးကဲ့သို့သော အရေးကြီးသည့် နယ်ပယ်များတွင် အဆွေတော်၏ အစဉ်တစိုက် ပံ့ပိုးကူညီမှုများကို ကျွန်ုပ်တို့ အထူးပင် တန်ဖိုးထားပါသည်။ အဆွေတော်၏ ခိုင်မာသောရပ်တည်ချက်နှင့် အလေးထားဆောင်ရွက်မှုတို့ကြောင့် အဆိုပါကဏ္ဍတွင် သိသာထင်ရှားသော တိုးတက်မှုများရရှိခဲ့ပါသည်။

နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းအောင် ဆက်လက်ဆောင်ရွက်သွားရန် အဆင်သင့်ရှိပါကြောင်း ထပ်လောင်းပြောကြားအပ်ပါသည်။

အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအားလုံး ကျန်းမာချမ်းသာပါစေကြောင်းနှင့် ငြိမ်းချမ်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစားစွာဖြင့်

Dmitry Vladimirovich Bakanov
ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အစိုးရအကြံပေး(ပထမတန်း)
အထွေထွေညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံပိုင် Roscomos ကော်ပိုရေးရှင်း

# ကျိုင်းတုံနှင့် တာချီလိတ်ခရိုင်အတွင်း မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျှော့ချရေးအတွက် Fire hotspot ဖြစ်ပွားမှုများနှင့် မြေအသုံးချမှုများအား ဝေဟင်မှ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အောက်ရှိ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြေပိုင်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်အတွင်း Fire hotspot ဖြစ်ပွားလေ့ရှိသည့် နေရာများနှင့် မြေအသုံးချမှု ပြောင်းလဲမှုများကို ဝေဟင်မှ ကြည့်ရှုစစ်ဆေးရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ချက်နိုင်ငံထုတ် Let L 410 အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့် ထွက်ခွာကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့်အဖွဲ့သည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ၊ ကျိုင်းတုံခရိုင် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌတို့နှင့်အတူ ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်အတွင်း မြေအသုံးချမှုများ၊ Fire hotspot ဖြစ်ပွားမှုများနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျှော့ချနိုင်ရေးဝေဟင်မှ ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အသိပညာပေးရေးဟောပြောပွဲကို ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက "နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေး အားလုံးပူးပေါင်းပါဝင်ပေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက "ရာသီဥတုပြောင်းလဲမှု၊ တောမီးနှင့် မီးခိုးမြူငွေ့ တားဆီးကာကွယ်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက "မီးခိုးမြူငွေ့ကင်းစင်ဖို့ စိုက်နည်းစနစ်များ ပြောင်းကြစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေး ဟောပြောရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။



ညနေပိုင်းတွင် ကျိုင်းတုံမြို့နယ် လွိုင်မွေမြို့၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အသိပညာပေးရေးဟောပြောပွဲကို ကျင်းပရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။(သတင်းစဉ်)

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း၊ အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

နေပြည်တော် ဧပြီ ၇

၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင်ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် အမိနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ နိုင်ငံတော်သမ္မတ ဦးဆောင်မည့် ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူလူထုအကျိုးတို့ကို အောင်မြင်စွာ သယ်ပိုးနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ကြောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း စသည်ဖြင့် ပါရှိကြောင်း သိရှိရသည်။ (၅၀၁)

## ဝမ်းမြောက်ဂုဏ်ယူကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ အထွေထွေရွေးကောက်ပွဲကြီးအပြီးတွင် ပြည်သူက တင်မြှောက်ပေးခဲ့သော နိုင်ငံတော်သမ္မတကြီးအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဒုတိယသမ္မတ(၁) ဦးညိုစော၊ ဒုတိယသမ္မတ(၂) ဒေါ်နန်းနီနီအေးတို့အနေဖြင့် နိုင်ငံ့တာဝန်အား ဆတက်ထမ်းပိုး ထမ်းဆောင်မည်ကို ယုံကြည်အားကိုးခြင်းဖြင့် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗဟိုဥက္ကဋ္ဌနှင့်ဗဟိုကော်မတီအဖွဲ့**
**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဗဟိုရုံးချုပ်**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။

ထိုသို့ရွေးချယ်တင်မြှောက်ကြရာတွင် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယသမ္မတများအဖြစ် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေးတို့က ရွေးချယ်တင်မြှောက်ခံခဲ့ကြရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်မည့် ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူလူထုအကျိုးတို့ကို အောင်မြင်စွာ သယ်ပိုးဆောင်ရွက်နိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်းနှင့် နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူလူထုအကျိုးတို့ကို သယ်ပိုးဆောင်ရွက်ရာတွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှ အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဤ "ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ"ကို ပေးပို့အပ်ပါသည်။ **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်မှ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ်လည်းကောင်း၊ ဦးညိုစောအား ဒုတိယသမ္မတ(၁)အဖြစ်လည်းကောင်း၊ ဒေါ်နန်းနီနီအေး အား ဒုတိယသမ္မတ(၂)အဖြစ်လည်းကောင်း အသီးသီး ရွေးချယ်တင်မြှောက်ပေးခဲ့သည့်အပေါ် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP) မှ အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် အမိနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီမှ ဆန္ဒပြုအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် "မြန်မာနိုင်ငံ စာရေးဆရာအသင်း"က အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

---

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ အဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့သည့် အတွက် အထူးပင်ဂုဏ်ယူပါကြောင်း နှင့် သမ္မတကြီး ဦးဆောင်မှုနှင့်အတူ အစိုးရအဖွဲ့သစ်၊ လုပ်ငန်းတာဝန်များ ဘက်စုံတိုးတက် အောင်မြင်ပါစေကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။**

**မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း (MFPTMA) က ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုအပ်ပါသည်။

မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်**
**သစ်လုပ်ငန်းရှင်များအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာနိုင်ငံ အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများအသင်းအနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်ငြိမ်းချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စွမ်းဆောင်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

အထပ်မြင့်နှင့်အများပြည်သူသုံး
အဆောက်အအုံတည်ဆောက်ရေး
စီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင် နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံဗိသုကာကောင်စီ

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြော၍ ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး

---

## အခမဲ့ သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာဆင်နွှဲကြသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၆ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာ အစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ ဆင်နွှဲရာတွင် ပျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့် သက်ဆိုင်သော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါနေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများကို မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ထိုသို့ အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကျင်းပ



**မြစ်ကြီးနား မေ ၇**

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦးရှိသည့်အနက် ၄၅ ဦးစလုံး တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကချင်ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက ဝန်ကြီးဌာန ခုနစ်ခု၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးကျော်သူရကိုလည်းကောင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးတိန့်ဆောင်ကိုလည်းကောင်း၊ လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးကျော်မင်းခိုင်ကိုလည်းကောင်း၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအောင်နိုင်ကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးချန်တန်ခင်ကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါက်တာအောင်ဝင်းကိုလည်းကောင်း၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးရဲရင့်ဆွေကိုလည်းကောင်း ပြည်နယ်လွှတ်တော်သို့ အဆိုပြုတင်သွင်းလာမှုအပေါ် လွှတ်တော်က ဆွေးနွေးနိုင်ရေး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့အတူ ကချင်ပြည်နယ်ဥပဒေချုပ်အဖြစ် ဒေါ်နန်းလှလှအေးကိုလည်းကောင်း၊ ကချင်ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်လေးနွယ်ကိုလည်းကောင်း ခန့်အပ်တာဝန်ပေးနိုင်ရန် ကချင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုလာမှုအပေါ် လွှတ်တော်က ဆွေးနွေးနိုင်ရေး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ထပ်မံကြေညာသည်။

ယင်းနောက် ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူက အဆိုပြုလာသည့် ဒေါ်အေးအေးမော်၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ကချင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုလာသည့် ဦးအောင်မြင့်၊ ဒေါ်ပြုံးပြုံးကြည်၊ ဒေါ်ခင်ပြုံးရီတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် လွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာကာ တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။ **ပြည်နယ်(ပြန်/ဆက်)**

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကျင်းပ



**တောင်ကြီး မေ ၇**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သား ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်သို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၉၉ ဦး၊ တပ်မတော်သား ကိုယ်စားလှယ် ၃၃ ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် ၁၃၂ ဦးရှိသည့်အနက် ၁၃၁ ဦး တက်ရောက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၂၄ ရာခိုင်နှုန်းရှိသည့်အတွက် ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးဌာနအရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၏ ဆွေးနွေးချက်ကို ပြည်နယ်လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးဌာနများ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြရန် မှတ်တမ်းတင်ပြီး ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသောပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးစိုင်းထိန်စိုးက လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ပြည်နယ်ဥပဒေချုပ်အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်အမည်စာရင်းတို့ကို လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်ပြခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပေးပို့လာသည့် အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းတင်သွင်းထားသည့်လူပုဂ္ဂိုလ် ခုနစ်ဦးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ဦးစိုင်းကျော်ဇံကို ပြည်နယ်ဥပဒေချုပ်နှင့် ဒေါ်ခင်ထွေးရီကို ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူကြောင်းနှင့် ဦးသန်းဦးလွင်ကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက်ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ဒေါ်စန္ဒာအောင်၊ ဦးအောင်မော်နှင့် ဒေါ်သူဇာအောင်တို့ သုံးဦး၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်တို့ကို ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကျင်းပ



ဘားအံ ဧပြီ ၇

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီခွဲက ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၂၂ ဦးအနက် ၂၁ ဦး တက်ရောက်ကြသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးစောမြင့်ဦးက ပြည်နယ်လွှတ်တော်တွင် အတည်ပြုထားသော ပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် အမည်စာရင်းများကို ပြည်နယ်လွှတ်တော်သို့ တင်ပြရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးစိုးမိုးဝင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးညီညီဇော်၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးစောထွန်းအောင်၊ လျှပ်စစ်စွမ်းအင်စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးအဖြစ် ဦးစောမျိုးမြင့်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအောင်လွင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးစယဉ်ဌေး၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးစောခေါင်ပန်ထော့တို့ကို ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးအရေးဆောင်ရွက်ရန်အတွက် ဗမာတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ဦးတင်မောင်လှိုင်၊ မွန်တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ဦးမင်းမျိုးမြင့်နိုင်၊ ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ဦးခွန်မြတ်ထူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ကို ရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်ဥပဒေချုပ်အဖြစ် ဒေါ်နော်သန်းသန်းငြိမ်း၊ ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဦးအောင်စိုးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းရာ ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်တရားလွှတ်တော် တရားသူကြီးနှစ်ဦးအဖြစ် ဒေါ်ခင်စိမ်းဝင်းနှင့် ဒေါ်နွဲ့နွဲ့ဦးတို့ကို ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ



ဟားခါး ဧပြီ ၇

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ်လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရာနှုန်းပြည့်တက်ရောက်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ချင်းပြည်နယ်လွှတ်တော်က အတည်ပြုထားသော ပြည်နယ်အစိုးရဝန်ကြီးဌာန ခုနစ်ခုတွင် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် အဆိုပြုသည့် ပြည်နယ်ဝန်ကြီး ခုနစ်ဦး၏ အမည်စာရင်းအား တင်ပြပြီး တင်ပြသည့် ပြည်နယ်ဝန်ကြီးများသည် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပြည့်စုံမှုရှိ၊ မရှိ စိစစ်နိုင်ရေးနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် ဆွေးနွေးအတည်ပြုချက်ရယူမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြေညာသည်။

ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်ဥပဒေချုပ်အဖြစ် ဦးကပ်တလွန်းကိုလည်းကောင်း၊ ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဦးမောင်မောင်ခင်ကို လည်းကောင်း အဆိုပြုတင်ပြခဲ့ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်မရှိသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် အဆိုပြုသည့် ဦးမြတ်စံနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် အဆိုပြုသည့် ဒေါ်မန်ဟောက်ချွန်နှင့် ဦးကျော်သောင်းအောင်တို့ကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးရန်မရှိသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဥ္စမနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(ခရိုင်ပြန်/ဆက်)**

# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ



ထားဝယ် ဧပြီ ၇

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦးရှိသည့်အနက် ၂၇ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၄၃ ရာခိုင်နှုန်းရသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်ထားခံရသူက အဆိုပြုလာသည့် ပုဂ္ဂိုလ်ရှစ်ဦး၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ သဘောတူညီချက်ရယူရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံးက ကန့်ကွက်ရန်မရှိသဖြင့် အဆိုပါပုဂ္ဂိုလ်ရှစ်ဦးကို တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်ထားခံရသူက အမည်စာရင်းတင်သွင်းအဆိုပြုထားသည့် ဦးထိန်လင်းကျော်ကိုလည်းကောင်း၊ တိုင်းဒေသကြီး စာရင်းချုပ်အဖြစ် ဒေါ်ဌေးဌေးမြင့်ကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဒေါ်ပိုက်ပိုက်အေးကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ဒေါ်အေးအေးသန်းနှင့် ဒေါ်ရင်ရင်သန်းတို့ကိုလည်းကောင်း သက်ဆိုင်ရာရာထူးအသီးသီး၌ တာဝန်ပေးရန် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်ပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍လွှတ်တော်သို့ ရှင်းလင်းတင်ပြကာ လွှတ်တော်၏ အတည်ပြုချက် ရယူဆောင်ရွက်ရာ လွှတ်တော်က အတည်ပြုပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ



**ရန်ကုန် ဧပြီ ၇**

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးဥက္ကဋ္ဌက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့် ဒေါ်စန္ဒာသွယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးမည့် ပုဂ္ဂိုလ် ၁၀ ဦး၏ အမည်များဖြစ်သည့် ဗိုလ်မှူးကြီးဝင်းတင့်၊ ဦးနေမင်းထွန်း၊ ဒေါက်တာမေသန်းနွယ်၊ ဦးဗိုလ်ဌေး၊ ဦးနေလင်းထွန်း၊ ဒေါက်တာမျိုးသော်၊ ဒေါက်တာထူးမောင်၊ ဦးစိုးဦး၊ ဦးမျိုးမြင့်အောင်၊ စောဂျက်ကော့ထူး၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့် ဒေါ်ဖြူမာဝေ၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့် ဒေါ်ခင်မာချို၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးမည့် ပုဂ္ဂိုလ် ခြောက်ဦးအမည်များဖြစ်သည့် ဦးကျော်စွာငြိမ်း၊ ဒေါ်ထားထား၊ ဒေါ်နုနုခင်၊ ဦးကျော်ကျော်၊ ဒေါ်မာလာထွဋ်၊ ဦးသောင်းထွေးတို့၏အမည်စာရင်းများကို တိုင်းဒေသကြီး လွှတ်တော်သို့တင်ပြ၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့် ပုဂ္ဂိုလ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးမည့် ပုဂ္ဂိုလ် ၁၀ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ်၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ်နှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးမည့် ပုဂ္ဂိုလ်ခြောက်ဦးတို့၏ ခန့်အပ်တာဝန်ပေးမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်သူမရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်က အတည်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ



**မန္တလေး ဧပြီ ၇**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၇၂ ဦးရှိသည့်အနက် ၇၁ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဒေါ်လှမြင့်ကို ခန့်အပ်တာဝန် ပေးနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော တိုင်းဒေသကြီးဝန်ကြီးများအဖြစ် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးနေလင်းစိုး၊ ဦးသိန်းဌေး (လက်ရှိစီးပွားရေးရာဝန်ကြီး)၊ ချမ်းမြသာစည်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှကြွယ်၊ တံတားဦးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မိုးသက်၊ ဦးလှမျိုး (မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဌာနမှူး-ငြိမ်း)၊ စဉ့်ကိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သိင်္ဂီအောင်၊ ဦးခင်မောင်အေး(ဗိုလ်မှူးချုပ်-ငြိမ်း)၊ ရှမ်းတိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ကြည်တို့ကို ခန့်အပ်တာဝန် ပေးနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ဦးလှသိန်းနှင့် မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်ခင်သီတို့ကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ဦးမြင့်ဆန်း၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်ကြည်ကြည်စိန်း၊ ဒေါ်ခင်သစ်ဆွေ၊ ဦးသန်းထွန်းအောင်၊ ဦးစောမျိုးမျိုးတို့ကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်သို့ တင်ပြပြီး အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အစည်းအဝေးပထမပိုင်းကို ခေတ္တရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီခွဲတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဒေါ်လှမြင့်၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ဗိုလ်မှူးကြီးနေလင်းစိုး၊ ဦးသိန်းဌေး၊ ဦးလှကြွယ်၊ ဦးကျော်မိုးသက်၊ ဦးလှမျိုး၊ ဒေါ်သိင်္ဂီအောင်၊ ဦးခင်မောင်အေး၊ ဦးစိုင်းအောင်ကြည်တို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

ဆက်လက်၍တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ဦးလှသိန်းနှင့် မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်ခင်သီတို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ဦးမြင့်ဆန်း၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်ကြည်ကြည်စိန်း၊ ဒေါ်ခင်သစ်ဆွေ၊ ဦးသန်းထွန်းအောင်၊ ဦးစောမျိုးမျိုးတို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောတူညီချက်ကို ရယူသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**

## တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ



**မော်လမြိုင် ဧပြီ ၇**

တတိယအကြိမ် မွန်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ်လွှတ်တော်ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရောက်ရှိနေရာယူ၍ တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး(ပဉ္စမနေ့) အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး တာဝန်ပေးအပ်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ ပေးပို့ထားသည့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် အမည်စာရင်းနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးမည့် အမည်စာရင်းကို လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် မွန်ပြည်နယ်အတွက် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး ပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ်ခန့်အပ်မည့် ပုဂ္ဂိုလ်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့၏ ကိုယ်ရေးအချက်အလက်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေသည်။

ဆက်လက်၍ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး တာဝန်ပေးအပ်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ ပေးပို့ထားသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ် ခန့်အပ်မည့်ပုဂ္ဂိုလ်များ၏အမည်စာရင်း၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ်အတွက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အမည်စာရင်းနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ်အတွက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ယင်းနောက် တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးဆဋ္ဌမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် သတ္တမနေ့အစည်းအဝေးကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

**စည်သူ(ပြန်/ဆက်)**

# တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ



**ပုသိမ် ဧပြီ ၇**

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ပထမပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူက ဝန်ကြီးဌာန ခုနစ်ခုတွင် ဝန်ကြီးဌာနအလိုက် ခန့်အပ်တာဝန်ပေးမည့် ဝန်ကြီးခုနစ်ဦး အမည်စာရင်းအဆိုပြုချက်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး၊ ကန့်ကွက်ခြင်းမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် တိုင်းရင်းသားရေးရာဝန်ကြီး နှစ်ဦး ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူက တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုချက်နှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသူက တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်း အဆိုပြုချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူက တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး လေးဦးကို ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းအဆိုပြုချက်နှင့် စပ်လျဉ်း၍လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး၊ ကန့်ကွက်ခြင်းမရှိသဖြင့် လွှတ်တော်ကသဘောတူကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကကြေညာပြီး တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

**မုံရွာ ဧပြီ ၇**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ပထမပုံမှန်အစည်းအဝေးပဉ္စမနေ့သို့တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ရာခိုင်နှုန်းပြည့် တက်ရောက်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက တင်ပြလာသည့် တိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်နိုင်ရေးအတွက် အဆိုပြုချက်ကို လွှတ်တော်သို့တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် လေးဦးက တိုင်းဒေသကြီး ဝန်ကြီးဌာန ခုနစ်ခုနှင့် ဝန်ကြီး ခုနစ်ဦး နည်းသည့်အတွက် ထပ်မံတိုးချဲ့ခန့်အပ်နိုင်ရေး တင်ပြဆွေးနွေးလာသည့်အတွက် လွှတ်တော်က မှတ်တမ်းတင်ထားရှိကာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက် တင်မြှောက်ခံထားရသူက တင်ပြလာသည့် တိုင်းဒေသကြီး ဝန်ကြီးများ ခန့်အပ်နိုင်ရေးအတွက် အဆိုပြုချက်ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက တင်ပြလာသည့် တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ဒေါ်လှလှဝင်း၏ အမည်စာရင်း အဆိုပြုချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ဒေါ်မြင့်မြင့်သိန်း အမည်စာရင်း အဆိုပြုချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခံထားရသူက တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဦးဇော်ထူးကို ခန့်အပ်နိုင်ရေးအတွက် ပေးပို့လာသော အဆိုပြုချက်ကို တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက တင်ပြလာသည့် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ဦးဟန်သိန်း၊ ဒေါ်မိမိစိန်နှင့် ဦးခင်မောင်သိန်းတို့ကို အမည်စာရင်းအဆိုပြုချက်အား တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။



ယင်းနောက် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**စစ်တွေ ဧပြီ ၇**

တတိယအကြိမ် ရခိုင်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက တတိယအကြိမ် ရခိုင်ပြည်နယ် လွှတ်တော်ပထမပုံမှန် အစည်းအဝေးဆဋ္ဌမနေ့ စတင်ကျင်းပကြောင်းနှင့် အထမြောက်ကြောင်း ကြေညာသည်။ ယင်းနောက် တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးဆဋ္ဌမနေ့သို့ မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားကာ ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ကို ရယူသည်။

ထို့နောက် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုလာသည့် ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၏ အမည်စာရင်းနှင့် ပြည်နယ်ဝန်ကြီးများ၏ အမည်စာရင်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခြင်းခံရသူ စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဦးက အဆိုပြုသည်။



ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုလာသည့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၏ အမည်စာရင်းနှင့် ပြည်နယ်ဝန်ကြီးများ၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော်သို့ ကြေညာပြီး အမည်စာရင်း အဆိုပြုလာခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုလာသည့် ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၏ အမည်စာရင်းနှင့် ပြည်နယ်ဝန်ကြီးများ၏ အမည်စာရင်းအဆိုပြုလာခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဒေါ်မြအေးကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများအဖြစ် ဗိုလ်မှူးကြီးကျော်သူရကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ်လည်းကောင်း၊ ဦးအောင်ကျော်မိုးကို စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ မြောက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးကျော်စိုးကို လူမှုရေးရာဝန်ကြီး အဖြစ်လည်းကောင်း၊ ကျောက်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ဆွေလင်းကို လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ဦးသက်ထွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးအဖြစ်လည်းကောင်း၊ ဦးမြင့်စိုးကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး အဖြစ်လည်းကောင်း၊ကျောက်တော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်စိုးဝင်းကို စည်ပင်သာယာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ဦးတင်လှကို တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးအဖြစ်လည်းကောင်း အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ်တင်မြှောက်ခြင်းခံရသူ စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဦးက ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၏ အမည်စာရင်း၊ ပြည်နယ်ဥပဒေချုပ်၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းများကို အဆိုပြုသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခြင်းခံရသူ စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဦးက အဆိုပြုလာသည့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၏ အမည်စာရင်း၊ ပြည်နယ်ဥပဒေချုပ်၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းများကို ပြည်နယ်လွှတ်တော်သို့ ကြေညာပြီး အမည်စာရင်းအဆိုပြုလာခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခြင်းခံရသူက အဆိုပြုလာသည့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ဦးအောင်ထွန်းသိန်း၊ ဒေါ်စောရွှေ၊ ပြည်နယ်ဥပဒေချုပ်အဖြစ် ဦးဝင်းမောင်၊ ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်သန်းကြည်တို့ကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိသဘောတူညီကြသည့်အတွက် အတည်ပြုကြောင်းကြေညာသည်။

ယင်းနောက် ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးဆဋ္ဌမနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့်နေ့အား လွှတ်တော်ကိုယ်စားလှယ်များထံသို့ အချိန်မီ အကြောင်းကြားသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြိတ်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် ဧပြီ ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက တိုင်းရန်အောင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို နယ်မြေခံဆေးကုသရေးအဖွဲ့က ဆေးဝါးကုသပေးနေမှုများ ဆောင်ရွက်ပေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)၌ အပူဒဏ်အန္တရာယ်ကုသရေးအတွက် ဆောင်ရွက်ထားရှိ

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)၌ အပူချိန်ပြင်းထန်မြင့်မားသည့် နွေရာသီကာလအတွင်း အပူဒဏ်သင့်၍ လာရောက်ပြသသော လူနာများကို အချိန်နှင့်တစ်ပြေးညီ ကုသမှုပေးနိုင်ရန်အတွက် လေအေးပေးစက်များ တပ်ဆင်ထားသည့် သီးသန့်အခန်းများတွင် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ ပြင်ဆင်ဖြည့်တင်းထားရှိခြင်း၊ ရေငွေ့ထုတ်ပန်ကာကြီးများ၊ ရေဇလုံကြီးများနှင့် ရေခဲသေတ္တာများ ပြင်ဆင်ထားရှိခြင်း၊ ဆေးရုံဝန်ထမ်းများကို အပူဒဏ်သင့်



လူနာများ အရေးပေါ်ကုသမှုအတွက် စနစ်တကျ လေ့ကျင့်ထားခြင်းတို့ဖြင့် အပူဒဏ်အန္တရာယ် ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၇-၄-၂၀၂၆ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၇ ~ ၃၆၆၈ | ၅၅၇ ~ ၅၅၈.၃ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၉,၁၀၄,၀၃၉.၅၆ | ၈,၅၉၂,၀၂၈.၉၄ | ၂၃,၈၂၇,၀၂၇.၅၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးနှင့် ဆေးဝါးပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းနှင့် စားသုံးကုန်စည်များ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃ သန်းကို ရောင်းချပေးခဲ့ပါသည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်တွင်းဓာတ်အားလိုင်းများ၊ တာဝါတိုင်များ၊ လမ်း၊ တံတားများ၊ အဆောက်အအုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို မိုင်းခွဲမီးရှို့ဖျက်ဆီးနေတဲ့ PDF အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ၈-၄-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၅-၄-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားတွေရဲ့ မဆင်မခြင် မိုင်းထောင်မှုများကြောင့် ပြည်သူများအတွက် အသက်ဘေးအန္တရာယ်ခြိမ်းခြောက်မှုများ နောက်ဆက်တွဲအဖြစ် ကျန်ရှိနေဦးမည်"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့်ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၆ ခုနှစ် ဧပြီ ၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ













# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ရုရှားနိုင်ငံသား တစ်ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသား ငါးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့

နေပြည်တော် ဧပြီ ၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ရုရှားနိုင်ငံသား တစ်ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသား ငါးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ငါးဦးကို ပြည်နှင်နိုင်ရေးစစ်ဆေးနေစဉ်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Counsellor Mr. Ilyn Ilia နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့ ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား ငါးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဧပြီ ၇ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၂၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၅ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသားဦးရေ ၁၂၂၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) အရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၁ ဦး ရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၉ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

ရှေ့ဖုံးမှအဆက်

ရန်ကုန်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ အဆန်အထူး DEMU (စပိန်)ရထားနှင့် အစုန်အထူး DEMU(စပိန်)ရထားတို့ ပြေးဆွဲမည့် နေ့ရက်များမှာ ဧပြီ (၁၀၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀) ရက်တို့ဖြစ်သည်။

ရန်ကုန်-ပြည် ရထားလမ်းပိုင်းတွင် အဆန်အထူးလေအိတ် ရထားသည် ရန်ကုန် မှ မွန်းလွဲ ၁ နာရီတွင် စတင်ထွက်ခွာပြီး ည ၈ နာရီ ၅၅ မိနစ်တွင် ပြည်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။ အစုန်အထူးလေအိတ်ရထားသည် ပြည်မြို့မှ ည ၁၀ နာရီခွဲတွင် စတင်ထွက်ခွာပြီး နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့သို့ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ အဆန်အထူးလေအိတ်ရထားနှင့် အစုန်အထူးလေအိတ်ရထားတို့ ပြေးဆွဲမည့်နေ့ရက်များမှာ ဧပြီ (၁၀၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀)ရက်တို့ဖြစ်သည်။

ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းတွင်အဆန်အထူးလေအိတ် ရထားသည် ရန်ကုန်မှ နံနက် ၉ နာရီ ၁၅ မိနစ်မှ စတင်ထွက်ခွာပြီး မော်လမြိုင်သို့ ည ၆ နာရီတွင် ရောက်ရှိမည်ဖြစ်ကာ ပြေးဆွဲမည့် နေ့ရက်မှာ ဧပြီ (၁၀၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀)ရက်တို့ဖြစ်သည်။ အစုန်အထူးလေအိတ်ရထားသည် မော်လမြိုင်မှ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး ရန်ကုန်မြို့သို့ ညနေ ၅ နာရီ ၅၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ အထူးလေအိတ်ရထားပြေးဆွဲမည့် နေ့ရက်များမှာ ဧပြီ (၁၁၊ ၁၂၊ ၁၉၊၂၀၊ ၂၁) ရက်တို့ဖြစ်သည်။

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် လမ်းပိုင်းတွင် အထက်တန်းလက်မှတ်ကို သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်ကို တစ်ရက်ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင် ဝယ်ယူနိုင်ကြောင်း၊ ထို့ပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန် လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ပုံမှန်ရထားများနှင့် အထူးရထားများအတွက် Online မှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း (Online Railway Ticketing and Payment System – ORTP)စနစ်ဖြင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံးဘူတာများအတွက် ခုနစ်ရက်နှင့် ကြားဘူတာများအတွက် သုံးရက်ကြိုတင်၍ ဝယ်ယူနိုင်မည်ဖြစ်သည်။

အထက်ပါ ထပ်တိုးပြေးဆွဲပေးသည့် ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် အစုန်၊အဆန် အထူးလေအိတ်ရထားများတွင် အထက်တန်း ခြောက်တွဲနှင့် ရိုးရိုးတန်း ရှစ်တွဲ၊ ဘရိတ်တွဲ တစ်တွဲဖြင့် ဝန်ချိန်ပြည့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်မှ သင်္ကြန်အတက်နေ့ဖြစ်သည့် ၁၆ ရက်ထိ ပုံမှန်ပြေးဆွဲလျက်ရှိသည့် လူစီးအမြန်ရထားအချို့ ပြေးဆွဲမှုခေတ္တရပ်နားထားမည်ဖြစ်ရာ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် အမှတ်(၇)အဆန်၊ (၈)အစုန်၊ (၃၁)အဆန်၊ (၃၂)အစုန်၊ (၃၃)အဆန်၊ (၃၄)အစုန် ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ် DEMU ရထားများ၊ အမှတ်(၂၇) အဆန်၊ (၂၈)အစုန် နေပြည်တော် – မန္တလေး – နေပြည်တော် ခရီးစဉ် BEL ရထား၊ အမှတ်(၁)အဆန်၊ (၂)အစုန် ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ် စာပို့ရထား၊ အမှတ်(၁၅)အဆန်၊ (၁၆)အစုန်၊ ရန်ကုန် – ပဲခူး – ရန်ကုန် DEMU ရထား၊ အမှတ် (သ-၃၀၁)အဆန်၊ (၃၀၂) အစုန် သာစည်-မန္တလေး-သာစည် ခရီးတို RBE ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် အမှတ်(၇၁)အဆန်၊(၇၂)အစုန် ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ် လူစီးအမြန်ရထား၊ အမှတ် (၆၅)အဆန်၊ (၆၆)အစုန် အင်းစိန်-ဥက္ကံ-အင်းစိန် ခရီးစဉ် စာပို့ရထားတို့ဖြစ်သည်။

ထို့အတူ ရန်ကုန်မြို့ပတ် ရထားများကိုလည်း ဧပြီ ၁၃ ရက်မှ ၁၆ ရက်ထိ ခေတ္တရပ်နားထားမည်ဖြစ်သည်။

ရန်ကုန်-ပုဂံလမ်းပိုင်း၌အမှတ်(၆၁) အဆန်၊ (၆၂) အစုန် ရန်ကုန်-ပျဉ်းမနား-ပုဂံခရီးစဉ်ရထားများကို ဧပြီ ၁၄ ရက်မှ ၂၀ ရက်ထိ ပြေးဆွဲမှု ခေတ္တရပ်နားထားမည်ဖြစ်ပြီး ရထားခရီးစဉ်အားလုံး ဧပြီ ၁၇ ရက်မှစ၍ ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေး လမ်းပိုင်း၌ အမှတ်(၁၁)အဆန်၊အမှတ်(၁၂)အစုန်လူစီးအမြန်ရထား၊ ရန်ကုန်- မော်လမြိုင် လမ်းပိုင်း၌ အမှတ်(၈၁)အဆန်၊ အမှတ်(၈၂)အစုန် လူစီးအမြန်ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်း၌ အမှတ်(၆၃)အဆန်၊ အမှတ်(၆၄) အစုန် လူစီးစာပို့ရထား၊ သာစည်-တောင်ကြီး လမ်းပိုင်း၌ အမှတ်(၁၄၁)အဆန်၊ အမှတ်(၁၄၂)အစုန် စာပို့ရထား၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၌ အမှတ် (၁၀၃)အဆန်၊ အမှတ်(၁၀၄) အစုန်လော်ကယ်ရထား၊ လက်ပံတန်း-သာရဝေါ လမ်းပိုင်း၌ အမှတ် (၁၉၅)အဆန်၊ အမှတ်(၁၉၆) အစုန် လော်ကယ်ရထား၊ မြစ်ကြီးနား - မိုးကောင်း လမ်းပိုင်း၌ မိုးကောင်း(၁)၊ မိုးကောင်း(၂) လူစီးရထားနှင့် ပုသိမ်-ကြံခင်းလမ်းပိုင်း၌ အမှတ်(၁၈၁)အဆန်၊ အမှတ်(၁၈၂) အစုန် လူစီးရထားများကို သင်္ကြန်ကာလရုံးပိတ်ရက်အတွင်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့အတူ ရှုခင်းကြည့်ရထားများဖြစ်သည့် ပြင်ဦးလွင်-ဂုတ်ထိပ်၊ တောင်ကြီး-ပေါမူခရီးစဉ်များကိုလည်း သင်္ကြန်ပိတ်ရက်ကာလအတွင်း စီးနင်းလိုသည့်ခရီးသည်များရှိပါက ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## ထူးခြားသည့် နေ့အပူချိန်များ (၇ - ၄ -၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မင်းဘူး | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | အောင်လံ | ၃၉ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | တောင်ငူ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | တောင်တွင်းကြီး | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| နေပြည်တော် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ဟင်္သာတ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဇလွန် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မကွေး | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

## ရန်သူမီးဘေး တားဆီးရေး မနှေးဆောင်ရွက်ကြ။

## အသိပေးနှိုးဆော်ချက်


မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် ၁၂ ရက်နေ့မှ ကဆုန်လဆန်း ၁ ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပခြင်း၊ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ် မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**







တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများကို တွေ့ရစဉ်။











တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

☆ **ကျောဖုံးမှအဆက်**

လူနေအိမ်ဆောင် တစ်လုံးနှင့် လုပ်ငန်းလုပ်ဆောင်သည့်အဆောင် တစ်လုံး၊ အလျား ၃၅ ပေ၊ အနံ ပေ ၃၀ ရှိ စတိုဈေးဆိုင်အဆောင် တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၃၅ ပေရှိပစ္စည်းစတို တစ်လုံး၊ ပေ ၄၀ ပတ်လည် အိပ်ဆောင် နှစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၂ ပေရှိ ဂိတ်ဝင်၊ ထွက်ဆောင် တစ်လုံးနှင့် အလျား ပေ ၆၀၊ အနံ ၄၀ ပေရှိ အိမ်သာအဆောက်အအုံ တစ်လုံး စုစုပေါင်းအဆောက်အအုံ ကိုးလုံးကိုတွေ့ရှိရပြီး ၎င်းတို့အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသည့်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၁၂၂ ဦးနှင့် အမျိုးသမီး သုံးဦး၊ လာအိုနိုင်ငံသား အမျိုးသမီး တစ်ဦး စုစုပေါင်း တရားမဝင်ပြည်ပနိုင်ငံသား ၁၂၆ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်သော မော်နီတာ အလုံး ၁၂၀၊ System ပုံး ၉၇ လုံး၊ All in One Computer ၄၆ လုံး၊ Star Link ၁၂ လုံး၊ ဝိုင်ဖိုင်စက် ၁၂ လုံး၊ ဖုန်းမျိုးစုံ ၁၀၅ လုံးနှင့် မီးစက်ကြီး တစ်လုံးတို့ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

❖ **မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု**

တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေးများကိုလည်း အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်အတွင်း မူးယစ်ဆေးဝါးရောင်းချနေသူများရောက်ရှိနေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဧပြီ ၆ ရက် နံနက် ၈နာရီခွဲခန့်တွင် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ၅၄(ဘီ)လမ်း ၁၂၈ - ၁၂၉ လမ်းကြား၌ မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချသူများဖြစ်သည့် အောင်ကျော်စိုးနှင့် ဇနီးဖြစ်သူ သူဇာသန်း ခေါ် သီတာတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာရှိ၎င်းတို့၏ နေအိမ်ကို သွားရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉ ဒသမ ၂၂ သိန်းပြား(ခန့်မှန်းတန်ဖိုးတစ်ပြားလျှင် ၁၅၀၀ ကျပ်)၊ ဘိန်းဖြူ ၅ ဒသမ ၅ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုး တစ်ကီလိုဂရမ်လျှင် ငွေကျပ်သိန်း ၂၅၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၀၂ ဘီလီယံခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်ရှိသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နေ အိုက်ချွမ် (ဖမ်းဆီးရန်ကျန်)က မူးယစ်ဆေးဝါးများကို မန္တလေးမြို့အတွင်း ပြန်လည်ရောင်းချရန် ၎င်း၏အစီအစဉ်ဖြင့် အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာရှိ အောင်ကျော်စိုးနှင့် ဇနီးဖြစ်သူ သူဇာသန်း ခေါ် သီတာတို့၏နေအိမ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ အိုက်ချွမ်(ဖမ်းဆီးရန်ကျန်) ပို့ဆောင်ပေးသည့် မူးယစ်ဆေးဝါးများကို အောင်ကျော်စိုးနှင့် ဇနီးဖြစ်သူ သူဇာသန်း ခေါ် သီတာတို့က မန္တလေးမြို့၌ ပြန်လည်ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးနှင့်အတူ ဖမ်းဆီးရမိသူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆက်စပ်ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လူသားမျိုးနွယ်တစ်ရပ်လုံးနှင့် နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် ပျက်စီးဒုက္ခရောက်စေနိုင်သော မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်းနှင့် သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများကို လျှို့ဝှက်၍ ဆုငွေများထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)



အောင်ကျော်စိုး
၅၀ နှစ်



သူဇာသန်း ခေါ် သီတာ ၄၇ နှစ်
အောင်ကျော်စိုး၏ဇနီး





ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြား ထုပ်ပိုးမှုပုံစံများကို တွေ့ရစဉ်။

# လေလံကြမ်းခင်းဈေးအကြောင်း သိကောင်းစရာ

**စိန်လှိုင်ဖိုလ်**



ငွေရေးကြေးရေး လိုအပ်ချက်ကြောင့် ငွေလိုသူသည် မိမိ၏အချေပစ္စည်းဖြစ်သော အိမ်ခြံမြေတို့ကို အပေါင်ထား၍ ငွေချေးကြသည်။ ပုဂ္ဂလိက အချင်းချင်းဖြစ်စေ၊ ဘဏ်မှဖြစ်စေ အဆင်ပြေသလို စာချုပ်စာတမ်းများ ချုပ်ဆို၍ ငွေချေးလေ့ရှိကြသည်။ ပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သောအခါ ငွေချေးယူသူဘက်မှ ချေးငွေပေးဆပ်ရန် အဆင်မပြေမှု အခက်အခဲများနှင့် ကြုံတွေ့ရတတ်ပါသည်။ ငွေရှင် သို့မဟုတ် ဘဏ်တို့ နှစ်ဖက်ညှိနှိုင်းကြပါသော်လည်း အဆင်မပြေကြသောအခါ နောက်ဆုံးတွင် တရားမရုံးတော်တွင် တရားစွဲတောင်းခံသည့် အဆင့်သို့ ရောက်ရှိကြပါတော့သည်။

ငွေရှင်၊ ဘဏ် စသူတို့က ၎င်းတို့စွဲဆိုသော အမှုအနိုင်ရရှိသောအခါတွင်လည်း ငွေချေးသူက ပြန်လည်ပေးဆပ်ခြင်း မပြုနိုင်သောအခါ ချေးယူစဉ်က အပေါင်ပစ္စည်းဖြစ်သော ငွေချေးသူပိုင်မြေနှင့်အိမ်ကို ရောင်းချပေးဆပ်စေရန် ငွေရှင်က လျှောက်ထားပါသည်။ ထိုအခါတွင် တရားရုံးက လေလံတင်ရောင်းချရန် နှစ်ဖက်သို့ ကြမ်းခင်းဈေး တင်သွင်းစေသည်။ ဤနေရာတွင် အငြင်းပွားကြပါတော့သည်။

ချေးငွေပြန်ယူရမည့်သူဘက်မှ မိမိဒီကရီကျထားသည့် ရရှိရန်ငွေနှင့် မကွာလွန်းလှသော ငွေကြေးပမာဏကို ကြမ်းခင်းဈေးတင်သွင်းလေ့ရှိသည်။ နှစ်ဖက်တင်သည့် ကြမ်းခင်းဈေးကို ပိုပိုသာသာတင်သွင်းလေ့ရှိသည်။ နှစ်ဖက်တင်သည့် ကြမ်းခင်းဈေး နည်းလွန်းခြင်း၊ များလွန်းခြင်း အနေအထားတွင် တရားရုံးသည် လျော်ကန်သင့်မြတ်သည် ကြမ်းခင်းဈေးပမာဏကို အမိန့်ချမှတ်ပေးရသည်။ အဆိုပါအမိန့်ကို မကျေနပ်သူဘက်မှ အထက်တရားရုံးသို့ ပြင်ဆင်မှုများ တက်ကြပါတော့သည်။

တရားရုံးသည် နှစ်ဖက်တင်ပြသော ကြမ်းခင်းဈေးများအပေါ် အမိန့်ချမှတ်နိုင်ရန် စုံစမ်းမှုပြုလုပ်နိုင်ခွင့်ရှိကြောင်းနှင့် ထိုသို့စုံစမ်းပြီးနောက်တွင်မှ အမှန်နိုင်ဆုံး ကြမ်းခင်းဈေးတန်ဖိုးကို သတ်မှတ်နိုင်မည်ဖြစ်ကြောင်း ညွှန်ပြသော ဥပဒေပါစီရင်ထုံးတစ်ခုကို ညွှန်းပြုရေးသားတင်ပြလိုပါသည်။

**အမှုဖြစ်စဉ်အကျဉ်း**

ရှမ်းပြည်နယ်တရားရုံး (တောင်ကြီးမြို့) ၂၀၀၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် (၃၅) တွင် တရားနိုင်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၅) ရန်ကုန်မြို့က တရားရှုံး ဦးကျော်ကျော်ဝေပါ ၂ ဦးအပေါ် ရှမ်းပြည်နယ်တရားရုံး (တောင်ကြီးမြို့) ၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် (၂၄) တွင် ရရှိထားသော အပေါင်ဒီကရီငွေ (၁၆၃၈.၃၉.၈၂၄ကျပ်) (၉၅ ပြား) နှင့် ပတ်သက်၍ အတည်ပြု ဆောင်ရွက်ပေးရန် လျှောက်ထားခဲ့သည်။ ပြည်နယ်တရားရုံးက အပေါင်ပစ္စည်းများ၏ ကြမ်းခင်းဈေးအဖြစ် ငွေကျပ်သိန်း ၈၀၀၀ သတ်မှတ်ပြီး လေလံတင်ရောင်းချရန် အမိန့်ချမှတ်သည်။ ပြည်နယ်တရားရုံး၏အမိန့်ကို တရားရှုံး ဦးကျော်ကျော်ဝေတို့ကမကျေနပ်၍ တရားရုံးချုပ်သို့ အယူခံတင်သွင်းခဲ့သည်။

မူလပြည်နယ်တရားရုံးတွင် တရားနိုင်ဘက်မှ ဇာရီလျှောက်လွှာတွင် ပစ္စည်းအား ကြမ်းခင်းဈေး တင်သွင်းခဲ့သည်။ တရားရှုံးများက ၎င်းတို့ပစ္စည်းမှာ ကြမ်းခင်းဈေး ငွေကျပ်သိန်း ၁၂၀၀၀ တန်ကြောင်း တင်ပြသည်။ တရားနိုင် တရားရှုံးတို့ဘက်မှ တင်ပြသည့်ကြမ်းခင်းဈေးမှာ လွန်စွာကွာခြားနေ၍ လေ့လာစုံစမ်းပြီးနောက် အပေါင်ပစ္စည်း၏ အနီးစပ်ဆုံးကာလတန်ဖိုးဖြစ်သည့် ငွေကျပ်သိန်း ၈၀၀၀ ကို ကြမ်းခင်းဈေးအဖြစ် သတ်မှတ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ကြမ်းခင်းဈေးကို ငွေကျပ်သိန်း ၈၀၀၀ သတ်မှတ်ခြင်းမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၆၆ (၂) ပါ ပြဋ္ဌာန်းချက်ကို မျက်ကွယ်ပြုရာရောက်ကြောင်း အဆောက်အအုံ ဥပစာမှာ တောင်ကြီးမြို့၏ လမ်းမတော်အနီးတွင်တည်ရှိပြီး(၄၁ ပေ x ၅၂ ပေ) အကျယ်အဝန်းရှိ ခြောက်ထပ် အဆောက်အအုံဖြစ်ကြောင်း ပြည်နယ်တရားရုံးက တတ်ကျွမ်းသူပညာရှင်ကို ခေါ်ယူမေးမြန်းစုံစမ်းခြင်းမပြုဘဲ မိမိသဘောအလျောက် ကြမ်းခင်းဈေးကို ငွေကျပ်သိန်း ၈၀၀၀ သတ်မှတ်ခြင်းမှာ လျှောက်ထားသူများအတွက် နစ်နာမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ မူလပြည်နယ်တရားရုံး၏ ကြမ်းခင်းဈေးသတ်မှတ်သည့် အမိန့်ကို ပယ်ဖျက်၍ လျှောက်ထားသူများပိုင် ဟိုတယ် အဆောက်အအုံ ဥပစာကို တတ်ကျွမ်းသူပညာရှင်များဖြင့် **စုံစမ်းမှုပြုစေသင့်ကြောင်း လျှောက်လဲတင်ပြသည်။**

ရှေ့နေချုပ်ရုံးဘက်ကမူ ပြည်နယ်တရားရုံးသည် ရောင်းရန်ပစ္စည်းအတွက် ခန့်မှန်းတန်ဖိုးကို တရားမျှတစွာ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရကြောင်း ဤတရားမပြင်ဆင်မှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၆၆ (၁) ၌ ဒီကရီကို အတည်ပြုရာတွင် ပစ္စည်းတစ်ရပ်ရပ်ကို အများပြည်သူရှေ့၌ လေလံတင်ရန် အမိန့်ချမှတ်ခဲ့လျှင် တရားရုံးသည် ထိုသို့ ရောင်းချမည့်အကြောင်းကို ကြော်ငြာစာထုတ်စေရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ နည်းဥပဒေ ၆၆ (၄) တွင် ကြော်ငြာစာတွင် ဖော်ပြရမည့်အကြောင်းအရာများကို စိစစ်ရန်အလို့ငှာ တရားရုံးသည် ဆင့်ခေါ်ရန်လိုအပ်သည်ဟု ထင်မြင်သူ တစ်ဦးဦးကို ဆင့်ခေါ်ပြီး ၎င်းအကြောင်းအရာများနှင့် စပ်လျဉ်း၍ မေးနိုင်သည့်အပြင် အဆိုပါအကြောင်းအရာနှင့် စပ်လျဉ်းသည့်စာချုပ်စာတမ်းကို တင်ပြစေရန်လည်း ဆင့်ဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

ထို့ပြင် တရားရုံးများလက်စွဲ အပိုဒ် ၂၃၈ ၌ ကြော်ငြာစာအတွက် အကြောင်းအရာများ စေ့စပ်ရန် ချိန်းဆိုသောနေ့ရက်၌ ဒီကရီအနိုင်ရသူနှင့် တရားရှုံးတို့ လာရောက်ခဲ့လျှင် ထိုအကြောင်းအရာများနှင့်စပ်လျဉ်း၍ ထိုသူတို့အား ပြောဆိုလျှောက်ထားခွင့်ပေးရမည်။ ထို့ပြင်လည်း အမိန့် ၂၁ နည်းဥပဒေ ၆၆ (၄) အရ တရားသူကြီးက နောက်ထပ် စုံစမ်းစစ်ဆေးခြင်းပြုရန် လိုမည် ထင်မြင်သည့်အလျောက် စုံစမ်းစစ်ဆေးခြင်းပြုရမည်ဖြစ်ကြောင်း ညွှန်ပြထားသည်ကိုလည်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။ ယခုအမှုတွင် လျှောက်ထားသူဘက်မှ လေလံတင်ရောင်းချမည့်အဆောက်အအုံ ဥပစာမှာ တောင်ကြီးမြို့ လမ်းမတော် လမ်းမကြီးအနီးတွင် တည်ရှိပြီး ဧရိယာ (၀ ဒသမ ၂၃၅) ဧကအပေါ်တွင် (၄၁ ပေ x ၅၂ ပေ) အကျယ်အဝန်းရှိ ခြောက်ထပ်အဆောက်အအုံဖြစ်ကြောင်း၊ အထပ်တိုင်းတွင် အထူးအိပ်ခန်းကျယ်တစ်ခန်း၊ နှစ်ယောက်အိပ်ခန်း လေးခန်းနှင့် တစ်ယောက်အိပ်ခန်း တစ်ခန်းစီပါရှိပြီး အခန်းတိုင်းတွင် ခေတ်မီအသုံးအဆောင်ပစ္စည်းများကို ထည့်သွင်းတပ်ဆင်ထားကြောင်း ဓာတ်ပုံများနှင့်တကွ ပူးတွဲလျှောက်ထားသည်ကို တရားရုံးချုပ်က စိစစ်ခဲ့ပါသည်။

ပြည်နယ်တရားရုံးတွင် တရားနိုင်ဘက်က အဆိုပါပစ္စည်းများအတွက် ကြမ်းခင်းဈေး ငွေကျပ်သိန်း ၂၅၀၀ တင်ပြပြီး တရားရှုံးဘက်မှ ကြမ်းခင်းဈေး ငွေကျပ်သိန်း ၁၂၀၀၀ တင်ပြထားရာ နှစ်ဖက်တင်ပြသော ကြမ်းခင်းဈေးများမှာ များစွာကွာခြားနေကြောင်းတွေ့ရသည်။ ဤအခြေအနေတွင် မူလပြည်နယ်တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၆၆ (၄) ပါ ပြဋ္ဌာန်းချက်နှင့် တရားရုံးများလက်စွဲအပိုဒ် ၂၃၈ ပါ ညွှန်ပြချက်များအရ အချင်းဖြစ်အပေါင်ပစ္စည်းကို လေလံတင်ရောင်းချရေးအတွက် မှန်ကန်မျှတသည့် ကြမ်းခင်းဈေးသတ်မှတ်နိုင်ရန် စုံစမ်းမှုပြုလုပ်နိုင်ခွင့်ရှိပြီး ထိုသို့စုံစမ်းမှုပြုလုပ်မှသာလျှင် အမှန်နိုင်ဆုံး ခန့်မှန်းကြမ်းခင်းဈေးတန်ဖိုးကို သတ်မှတ်နိုင်မည်ဖြစ်ပေသည်။ သို့ဖြစ်၍ မူလပြည်နယ်တရားရုံး၏ ကြမ်းခင်းဈေးသတ်မှတ်သည့်အမိန့်သည် မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း တရားရုံးချုပ်က သုံးသပ်ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် ပြင်ဆင်မှုကိုခွင့်ပြုပြီး ရှမ်းပြည်နယ်တရားရုံး၏ ကြမ်းခင်းဈေး ငွေကျပ်သိန်း ၈၀၀၀ သတ်မှတ်သည့်အမိန့်ကို ပယ်ဖျက်လိုက်သည်။

**❖ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၆၆ (၁) ၌ ဒီကရီကို အတည်ပြုရာတွင် ပစ္စည်း တစ်ရပ်ရပ်ကို အများပြည်သူရှေ့၌ လေလံတင်ရန် အမိန့်ချမှတ်ခဲ့လျှင် တရားရုံးသည် ထိုသို့ရောင်းချမည့်အကြောင်းကို ကြော်ငြာစာထုတ်စေရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ နည်းဥပဒေ ၆၆ (၄) တွင် ကြော်ငြာစာတွင် ဖော်ပြရမည့် အကြောင်းအရာများကို စိစစ်ရန်အလို့ငှာ တရားရုံးသည် ဆင့်ခေါ်ရန် လိုအပ်သည်ဟု ထင်မြင်သူ တစ်ဦးဦးကိုဆင့်ခေါ်ပြီး ၎င်းအကြောင်း အရာများနှင့်စပ်လျဉ်း၍ မေးနိုင်သည့်အပြင် အဆိုပါအကြောင်း အရာနှင့် စပ်လျဉ်းသည့်စာချုပ်စာတမ်းကို တင်ပြစေရန်လည်း ဆင့်ဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။ ❖**

ပြည်နယ်တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၆၆ (၄) နှင့် တရားရုံးများလက်စွဲ အပိုဒ် ၂၃၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းစစ်ဆေးမှုပြုလုပ်၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလိုက်ပါသည်။

ဦးကျော်ကျော်ဝေ ပါ ၂ နှင့် ဦးသန်းစိုးထွန်း (မန်နေဂျာ) မြန်မာ့စီးပွားရေးဘဏ်ခွဲ (၅) ရန်ကုန်မြို့နှင့် ၂၀၀၆ ခုနှစ် တရားမပြင်ဆင်မှုအမှတ် (၅၀) ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

# ရှေးစာဆိုတို့၏ ဆယ့်နှစ်ရာသီဘွဲ့ကဗျာများအကြောင်း

**မြေအေးသက်**

ကိုယ့်နိုင်ငံ ကိုယ့်ရေမြေ ကိုယ့်ရာသီဥတု ကိုယ့်ပန်းမန်အလှအပတွေကို ရှေးကစာဆိုကြီးတွေခံစားရေးဖွဲ့ထားတာတွေကိုဖတ်ရင်းက ဂုဏ်ပြုစာလေးရေးချင်နေမိရာ ယခုလိုဆောင်းပါးလေး အကောင်အထည်ပေါ်လာသည်ဟု ဆိုရချေမည်။ ရှေးစာဆိုတို့သည် ရာသီဖွဲ့မြန်မာကဗျာလင်္ကာများတွင် အက္ခရာဗန္ဓ ခေါ် စာလုံးအက္ခရာများကို အနုပညာမြောက်စီကုံးဖွဲ့နွဲ့ထားသည့်အပြင် သဒ္ဒါလင်္ကာရခေါ် အသံတန်ဆာ လင်္ကာဂုဏ်မြောက်အောင် ရေးသားဖွဲ့ဆိုထားကြရပေသည်။ ရှေးစာဆိုတို့က ဆယ့်နှစ်လရာသီကိုဖွဲ့ဆိုရာတွင် ရာသီအားလုံးကိုဖွဲ့ဆိုခဲ့သည့်ကဗျာ ၃၃ ပုဒ်ရှိသည်ဟု ဒေါက်တာအေးဝင်း၏ ဦးကြော့စာတမ်းတွင် ဆိုသည်။ ဆယ့်နှစ်ရာသီအပြည့်မဖွဲ့ဆိုဘဲ နှစ်သက်ရာ ရာသီတို့ကို ဖွဲ့ဆိုသွားသည်များလည်းရှိသည်။ အဆိုပါဖွဲ့ဆိုထားသည့် ဆယ့်နှစ်ရာသီ ကဗျာတို့သည်ပင်လျှင် မြန်မာ့သုခုမအနုပညာများပင် ဖြစ်ချေသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဖြာဖြာတို့ကိုလည်း ဆယ့်နှစ်ရာသီဘွဲ့ကဗျာများတွင် တွေ့ကြရရာ မြန်မာ့ရတနာများကို ဖော်လှစ်ပြသသည့် ရတနာပန်းတောင်းကြီးများဟု ဒဂုန်နတ်ရှင်က စာပေဝတ်ဆံ ၅ တွင် ဆိုသည်။

❖ ရှေးစာဆိုတို့သည် ရာသီဖွဲ့မြန်မာကဗျာလင်္ကာများတွင် အက္ခရာဗန္ဓခေါ် စာလုံးအက္ခရာများကို အနုပညာမြောက်စီကုံးဖွဲ့နွဲ့ထားသည့်အပြင် သဒ္ဒါလင်္ကာရခေါ် အသံတန်ဆာ လင်္ကာဂုဏ်မြောက်အောင် ရေးသားဖွဲ့ဆိုထားကြရပေသည်။ ရှေးစာဆိုတို့က ဆယ့်နှစ်လရာသီကိုဖွဲ့ဆိုရာတွင် ရာသီအားလုံးကိုဖွဲ့ဆိုခဲ့သည့်ကဗျာ ၃၃ ပုဒ်ရှိသည်ဟု ဒေါက်တာအေးဝင်း၏ ဦးကြော့စာတမ်းတွင် ဆိုသည်။ ဆယ့်နှစ်လရာသီအပြည့်မဖွဲ့ဆိုဘဲ နှစ်သက်ရာ ရာသီတို့ကို ဖွဲ့ဆိုသွားသည်များလည်းရှိသည်။ အဆိုပါဖွဲ့ဆိုထားသည့် ဆယ့်နှစ်လ ရာသီကဗျာတို့သည်ပင်လျှင် မြန်မာ့သုခုမအနုပညာများပင် ဖြစ်ချေသည်။ ❖

**ရတနာပန်းတောင်းများ အစ**

ရတနာပန်းတောင်းတို့၏ မူလအစကို ကြည့်ရာ ဂေါတမမြတ်စွာဘုရားရှင်၏ ဖခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ဘုရားရှင်အား ကပိလဝတ်ပြည်သို့ ကြွရောက်ရန် အမတ်များကို တစ်ခေါက်လျှင် လူ ၁၀၀၀ စီဖြင့် ပင့်ဖိတ်စေရာ ကြွရောက်လာခြင်း မရှိခြင်းကြောင့် ဖွားဖက်တော်ကာဠုဒါယီအမတ်အား လူ၁၀၀၀ဖြင့် ထပ်မံပင့်ဖိတ်စေရာ ကာဠုဒါယီအမတ်နှင့်အဖွဲ့သည် ရှေးက လာရောက်ပင့်ဖိတ်သူများနည်းတူ ရဟန်းဝတ်ကြသည်။ ကာဠုဒါယီရဟန်းသည် သုဒ္ဓေါဒနမင်းကြီး၏ ဘုရားရှင်ကို ပင့်ဖိတ်ရန်တာဝန်အား ကျေပွန်စေခြင်းငှာ ရာသီ၏သာယာပုံကို ဂါထာ ၆၀ ဖြင့် စီကုံးလျှောက်ထားခဲ့ရာ ဘုရားရှင်သည် ကပိလဝတ်သို့ ကြွရောက်တော်မူခဲ့ပေသည်။ ဤတွင် "ရာသီဖွဲ့များအစ၊ ကာဠုဒါယီက"ဟုပင် ဆိုနိုင်ပါပေသည်ဟု ဆိုစမှတ်ပြုကြပေသည်။ မြန်မာလင်္ကာသမိုင်းတွင် ဆယ့်နှစ်လရာသီဘွဲ့အပြည့်အစုံဖြင့် ရှေးဦးဆုံးတွေ့ရသည်မှာ တနင်္သာရီမင်းလက်ထက်တွင် ဆီသည်ရွာစား ဦးအောင်ကြီးဖွဲ့ဆိုသော အဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီ လူးတားပင်ဖြစ်သည်ကို တွေ့ရှိရပေသည်။ အင်းဝခေတ်စာဆိုတော်များသည်လည်း ဆယ့်နှစ်ရာသီဘွဲ့ဟူ၍ ရာသီဖွဲ့များကို ၎င်းတို့၏ ပျို့ကဗျာလင်္ကာများတွင် ထည့်သွင်းရေးဖွဲ့ကြသည်။

**အင်းဝခေတ်နှင့် ဆယ့်နှစ်ရာသီဘွဲ့များ**

အင်းဝခေတ်တွင် ရှင်မဟာရဋ္ဌသာရသည်ရာသီဖွဲ့ကို ကဗျာတွင် ထည့်သွင်းဖွဲ့ဆိုရာ ကိုးခန်းပျို့နိဂုံးတွင် "တစ်ရာသီတည်း၊ ကုံတွင်ချည်းလျှင်၊ ဝေးစည်းဂြိုလ်စုံ၊ ပေါင်းလုနီးနီး၊ မိုးစည်တီးသို့၊ သီးသီးနံ့ချောက်၊ ကိန်းခန်းလျောက်ဖြင့်၊ မြောက်ခွင်တရုက်၊ စစ်ကိုင်းဘက်က၊ ကြက်ယက်အင်းဝ၊ ညွတ်မျှကမ်းနား၊ မအားခြေချ၊ ကူးကြဆဲဆဲ၊ တပို့တွဲ၌"ဟူ၍လည်းကောင်း၊ ရှင်ဥတ္တမကျော်၏ ရွှေစက်တော်သွားတောလားတွင် "စက်ဆယ့်နှစ်လီ၊ ဒွါဒသီဝယ်၊ သုံးလီဥတု၊ လက်ဝဲလုသား၊ ရတုသာစွ၊ လမဏ္ဍလျှင်၊ သဘင်ဂိမှာန်၊ တာသကြံ့နှန်ဟု၊ လေပြန်လွှင့်ကူ၊ ဘုံသစ်ထူ၍၊ ဥဏှာဂူနတ်၊ ဖလ်ရဟတ်လည်း၊ သဟာဿရောင်၊ ခြည်တထောင်ဖြင့်၊ ပြောင်ပြောင်ဝင်းထိန်၊ အာဏာနှိမ်လျက်၊ ပြင်းရှိန်အန္တ၊ ဂုဏ်စွမ်းပြသော်၊ လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတဝက်၊ ဖက်၍ဆေးစုံ၊ ချယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား၊ သီးကင်းနုစ၊ အချို့ကမူ၊ ဩဇာရသာ၊ နတ်သုဓာသို့"ဟူ၍လည်းကောင်း ဖွဲ့သီခဲ့ကြသည်။

**တောင်ငူခေတ်နှင့် ဆယ့်နှစ်ရာသီဘွဲ့များ**

တောင်ငူခေတ်တွင်လည်း နဝဒေး၊ နတ်သျှင်နောင်တို့၏ ရတုများသည် ရာသီဖွဲ့များဖြင့် မွမ်းထုံခဲ့ရုံသာမက ဆယ့်နှစ်ရာသီဘွဲ့၏ ရှေးဦးအဆင့်အဖြစ် လေးရာသီစီခွဲခြား၍ ရာသီဖွဲ့ရတု သုံးပုဒ်ကို ဖွဲ့ဆိုခဲ့သည်။ နတ်သျှင်နောင်၏ ပေါ်နွေလလျှင်ချီရတုတွင်ပင် "တောင်ကခြိမ့်မြူး၊ မင်းလွင်ဦးနှင့်၊ ပျံ့ပျူးချုပ်ထိုင်း၊ မုန်တိုင်းဆင်လို၊ တိမ်ညိုမှိုင်းထပ်၊ ပြက်လျှပ်ပြကာ၊ စိမ်းပါမိုးပန်း၊ ထွေထွေစွန်းက"ဟူ၍ ဖွဲ့ထားပေသည်။ မင်းဇေယျရန္တမိတ်၏ မင်းရဲနရားချေင်းတွင် တောင်ငူမြို့၏ သာယာပုံများကို ရာသီလအလိုက်ထည့်သွင်းစပ်ဆိုခဲ့သည်။ နမူနာတစ်ပိုဒ်ကို ပြသရမည်ဆိုလျှင် ထိုချေင်း၏ ပိုဒ်ရေ ၃၆ တွင် "အုံ့မှိုင်းအုံ့မှိုင်း၊ မင်းလွင်ဆိုင်းက၊ ပင်တိုင်းညှာကူး၊ မြရည်လူးသို့၊ တန်ခူးသာလွန်း၊ တာလဆန်းသော်ရေသွန်းသဘင်၊ ဆင်ယင်တလျှည်၊ မျဉ်းရှည်ချပ်ကာ၊ မြူတာကြိုင်လွတ်၊ ပန်းစုံသတ်နှင့်၊ မှူးမတ်မင်းသား၊ ကန္တားမုတ်လှ၊ ရွှေကရွှေထီး၊ ညီးညီးလျှပ်လျှပ်၊ နေလလုပ်မှ"ဟူ၍ ဖွဲ့ဆိုထားသည်။

**ညောင်ရမ်းခေတ်နှင့် ဆယ့်နှစ်ရာသီဘွဲ့များ**

ညောင်ရမ်းခေတ်တွင် ဦးအောင်ကြီး၏ အင်းဝမြို့ဖွဲ့ ဆယ့်နှစ်ရာသီလူးတားပင်ဖြစ်သည်။ ဆယ့်နှစ်ရာသီကို တစ်ရာသီလျှင် တစ်ပိုဒ်ကျဖွဲ့ထားသည်။ ဆယ့်နှစ်ရာသီစလုံးကို ပြည့်ပြည့်စုံစုံဖွဲ့သောရာသီဖွဲ့ကဗျာများတွင်လည်း အစောဆုံး ကဗျာတစ်ပုဒ်ဖြစ်သည်။ အပိုဒ်တိုင်းတွင် "သာစွလေ" ဟုချီ၍ "ပွင့်လင်းစည်သည် ရွှေပြည်ရွှေဝ နန်းတည့်လေ"ဟု ချသည်။ နမူနာအနေဖြင့် တန်ခူးလရာသီကို ဖော်ပြရမည်ဆိုလျှင် "ကောင်းကင်မိုးလ၊ စိတ္တာရနှင့်၊ မိဿရာသီ၊ အညီခါကျော်၊ နှစ်ဦးပေါ်က၊ ကံ့ကော်ရင်ကတ်၊ ပင်တိုင်းညွတ်လျက်၊ ပွင့်ခက်ဝေဝေ၊ တောင်လေဖြူးဖြူး၊ လတန်ခူးကို၊ မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်"ဟူ၍ ဖွဲ့ဆိုထားသည်။ ဦးအောင်ကြီး၏နောက်တွင် ဝန်ကြီးပဒေသရာဇာသည် ရာသီများကို ထန်းသမားဖွဲ့၊ လယ်သမားဖွဲ့၊ လှေသမားဖွဲ့တို့တွင် ထည့်သွင်းစပ်ဆိုခဲ့သည်။ နမူနာအားဖြင့် ပြရမည်ဆိုလျှင် ဝသန်ကာလချီတျာချင်းတွင် "ဝသန်ကာလ၊ မိုးကျတည့်လျှင်၊ ပျော်ပျော်ပါးပါး၊ မယားနှင့် ဆွေငယ်လင်၊ လက်တွဲငယ်ခြေင်၊ ကိုယ်တွင်အဝတ်၊ ပုဆိုးအင်္ကျီ စုတ်ပြဲပြီ၊ ချည်နီဖောင်း၊ တွတ်တွတ်ကယ်နှင့်လေး၊ မိုးရေစွတ်လို့၊ အဝတ်ကယ်မပါ၊ သားသမီးကို၊ ကိုယ်ထီးပွေ့လို့သာ၊ ဆေးတံတစ်ထွာ၊ ကိုက်ကာထွန်၊ လယ်ကွက်ကယ်တစ်ခွင်၊ ထွန်ရေးငင်၊ ရေဝင်ပုစွန်တွင်းငယ်နှင့်လေး"ဟူ၍ ဖွဲ့ဆိုထားသည်။

**ကုန်းဘောင်ခေတ် ပထမပိုင်းနှင့် ဆယ့်နှစ်ရာသီဘွဲ့များ**

ကုန်းဘောင်ခေတ်ပထမပိုင်းတွင် စိန္တကျော်သူဦးဩ၊ လက်ဝဲသုန္ဒရအမတ်တို့သည်လည်း စာပေရေးသားဖွဲ့နွဲ့ရာတွင် ဆယ့်နှစ်လရာသီဘွဲ့များကို ထည့်သွင်းစပ်ဆိုခဲ့ကြပေသည်။ စိန္တကျော်သူဦးဩ၏ ရတုများတွင် ရာသီဖွဲ့များဖြင့် ဖွဲ့သီထားသည်ကိုလည်းတွေ့ရသည်။ နမူနာအားဖြင့် ပြောရမည်ဆိုလျှင် လွမ်းမှုန်ရစ်သူရတုတွင် "ဆောင်းကျွတ်လုပြီ၊ နွေရာသီလည်း၊ မပီတတ်သေး၊ ဝိုးဝါးထွေး၍၊ ညဥ့်အေး နေ့ပူ၊ မှိုင်းမြူမှုန်တော၊ လေလည်းဝန်းသစ်၊ ခါသစ်ရတု၊ ပြောင်းလဲလုက"ဟူ၍ လည်းကောင်း၊ မှုဝန်ကုံတွင် မယ့်သခင်ရတုကဗျာတွင် "ကန်ကွင်းကပင်၊ ဖန်စက်ရှင်သည်၊ ချိန်ခွင်ကိုင်တွင်း၊ တိုင်အောင်နှင်းလျက်၊ ကင်းပုစွန်ဝယ်၊ ချဉ်းသည့်နယ်လျှင်၊ မဖွယ်မရာ၊ သည်ကာလမိုး၊ စွေချက်ဆိုးခဲ့၊ သတိုးမင်းကျွန်၊ မှုဝန်ကုံတွင်၊ မယ့်သခင်သည်၊ သဘင်ဝါကျွတ်၊ မီမည်မှတ်လည်း"ဟူ၍လည်းကောင်း၊ ကြင်ချစ်မဝံ့ဟူသည့် ရတုတွင် "ပြာသိုတွင်မည်၊ ပြည့်ဝန်းသည်မှ၊ ဆုတ်လည်ခဲ့၍၊ လေးရက်စေ့ဝယ်၊ အရှေ့စွန်းစွန်း၊ ဝိဒေကျွန်းက၊ လဝန်းစက်ရှင်၊ မထွက်ခင်တို့" ဟူ၍လည်းကောင်း ဖွဲ့ဆိုခဲ့သည်။

လက်ဝဲသုန္ဒရအမတ်ကလည်း မဲဇာတောင်ခြေရတုတွင် "သွန်းမြဲပေတည့်၊ ရှိသေသဒ္ဒါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်၊ ရွှေဂူတော်နှင့်၊ ရှုတိုင်းတင့်သား၊ မိုးမြင့်သီခေါင်၊ မဲဇာချောင်က၊ တစ်တောင်လုံးမှိုင်း၊ စ၍ဆိုင်းသော်၊ တောင်တိုင်းယုက်၍၊ ဝန်းကာဖွေ့သည်၊ တောင်ငွေ့ဝေဝေ၊ အထွေထွေနှင့်၊ လေလည်းရောရော၊ မိုးမပါဘဲ၊ သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်၊ ယုဂန်ထင်ရှား၊ တောင်တော်ဖျားက၊ ရထားယာဉ်သာ၊ နေစကြာလည်း၊ ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍၊ တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု"ဟူ၍ စပ်ဆိုခဲ့သည်။ ထို့ပြင် အမတ်ကြီး၏ နတ်ပန်းဝေမြိုင်ချီရတုတွင်လည်း "နတ်ပန်းဝေမြိုင်၊ သဇင်လှိုင်က၊ ဖြိုင်ဖြိုင်မကြဲ၊ စွတ်ရုံဖွဲ့သို့၊ သွန်းမြဲကန်မှာ၊ ဆင်ရာတိမ်မိုး၊ ခေါ်ကြိုးတည့်၊ မကြိုးမထစ်၊ မဟစ်မဝင့်၊ မရင့်မမြည်၊ ဆော်စည်မရွမ်း၊ ရွာစတမ်းကို၊ ဆင်လှမ်းရာတိမ်၊ ခုတကြိမ်မူ၊ တောင်လိမ်မြောက်ကွေ့၊ မိုးသားရွှေ့လျက်၊ ညဥ့်နေ့ကျော်ကျူး၊ ဝဲခုန်မြူးမှ၊ သန်ဦးလတူ၊ မှိုင်းရင့်ရှူသည်၊ အပူရှာမိုး ကျယ်တော့၏" ဟု ဖွဲ့ဆိုထားသည်။

**ကုန်းဘောင်ခေတ်ဒုတိယပိုင်းနှင့် ဆယ့်နှစ်ရာသီဘွဲ့များ**

တွင်းသင်းမင်းကြီး ဦးထွန်းညိုကလည်း ရာသီဖွဲ့ကို သူ၏ ဘလ္လာတိယပျို့၊ ကိန္နရီကိန္နရာမောင်နှံပြန်တွေ့ခန်း၌ "အခါအခါ၊ အတာတန်ခူး၊ သင်္ကြန်ဦးဝယ်၊ ပင်လူးသစ်သစ်၊ ပုရစ်ဝေဝေ၊ ချပ်ပြေတွန့်တွန့်၊ ရွက်ညွန့်ရှင်ရှင်၊ အင်ပင်အင်တိုင်း၊ ခက်ကျိုင်းသိုးသွန်"ဟူ၍ ဖွဲ့ဆိုထားပေသည်။ စဥ့်ကူးမင်းလက်ထက်သို့ရောက်သောအခါ ကွမ်းရေတော်ကိုင်ဦးယာသည် အဝမြို့ဘွဲ့ ဆယ့်နှစ်လရာသီ လူးတားကိုရေးသားပြန်လေသည်။ သူ၏လူတားနိဒါန်းတွင် "တစ်ဆယ့်နှစ်လီ၊ ရာသီစကား၊ လူးတားသံချို၊ မွှက်ဆိုကြူးချည်၊ ဆန်းထွေကိုယ်စီ၊ လရာသီကို၊ ဘွဲ့ချီမြောက်ခြီး၊ အသီးသီးဝယ်၊ ယှဉ်မှီးစီလျဉ်၊ စကားစဉ်၍၊ အယဉ်နုကျေး၊ ဆိုရေးဖြာဖြာ၊ လိမ္မာသိမြင်၊ ဆင်ခြင်တွေးဆ၊ စပ်သမျှကို၊ ကောင်းကြသည်ချည်း"ဟုဆိုထားပေသည်။

**ရာသီမသိ ပန်းနှင့်ညို**

ဦးကြော့၏ ပိတောက်ပန်းဖွဲ့လေးချိုးကဗျာကို ကြည့်လျှင် "လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ။ တကယ်တမ်းသာဖြင့်၊ ဘယ်ပန်းသော် စံမတူဘူး၊ နန္ဒမူ ဖန်ဂူထိပ်မှာလ၊ ပစ္စေကာချွေးတော်သိပ်ရတယ်၊ အေးရိပ်ဆာယာ။ တစ်နှစ်တွင်သည်တစ်လပေ၊ တစ်လတွင် တစ်ရက်ထဲ၊ ခက်ခဲတဲ့ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြ စုံမြိုင်တွင်း။ မြူမင်းလွန်ထန်၊ ကြူသင်း တာချိန်ယံမတော့၊ ရွှေဝတ်ဆံ ငုံတံညှောက်ကယ်နှင့်၊ ခါသင်္ကြန် ဂိမှာန်ရောက်ပြန်တော့၊ သိရ်ုသရေထိန်ဝေတောက်တဲ့ပြင်၊ လမ်းတလျှောက် သင်းတာမို့ဆန်းသလောက် မလင်းနိုင်ဘု၊ ပန်းပိတောက်မင်း"ဟူ၍ ဖွဲ့ဆိုထားရာ တန်ခူးလတွင် ပိတောက်ပန်းပွင့်သည့်အကြောင်း ဖွဲ့ပြထားပေသည်။

**ဆယ်နှစ်ရာသီဘွဲ့ စာဆိုရှင်များ**

ဆယ့်နှစ်ရာသီဘွဲ့ စာဆိုရှင်များအနေဖြင့် နဝဒေး၊ ဦးအောင်ကြီး၊ ဦးယာ၊ မယ်ခွေ၊ ဦးကြင်ဥ၊ ဖိုးသူတော်ဦးမင်း၊ မဟာအတုလမင်းကြီး၊ လူဦးမင်း၊ ဉာဏ်ဝန်ကြီးဦးဖြေ၊ ဦးပုည၊ ဖိုးဝဇီရ၊ ဦးကြော့၊ ဦးဖက်၊ ကင်းဝန်မင်းကြီးတို့ဖြစ်ပြီး ကဗျာအမျိုးအစားများမှာ ပိုဒ်စုံရတု၊ အဖြည့်ခံရတု၊ လူးတား၊ အဲချင်း၊ လေးချိုး၊ သဖြန်၊ လွမ်းချင်း၊ ခွန်းထောက်၊ တေးထပ်၊ ရှစ်ဆယ်ပေါ် တေးထပ်၊ တေးရိုး၊တေးတွဲ့၊ မှာတမ်း၊ သံပေါက်၊ စည်တော်သံ၊ လေပြည်၊ ညည်းချင်းနှင့် လေးချိုးသဖြန် စသည်ဖြင့် အမျိုးအစားစုံလင်လှပေသည်။ ဤသို့ဖြင့် မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီဘွဲ့ကဗျာများသည် အဆင်း၊ အရောင်အသွေးစုံလင်လှစွာဖြင့် ရတနာပန်းတောင်းများသဖွယ် လှပတင့်တယ်နေပေသည်။ ဤရတနာပန်းတောင်းများသည် မြန်မာ့စာပေလောကတွင် တင့်တယ်စွာနေရာယူနေလျက်ရှိပြီး မြန်မာရိုးရာ ဓလေ့ထုံးစံများဖြစ်ကာ အစဉ်အဆက် စောင့်ထိန်းသွားရမည်ဟုဆိုရပေမည်။

**ကိုးကား**

- **လှသမိန်၏ ဆယ့်နှစ်ရာသီဘွဲ့ပေါင်းချုပ်**
- **ဦးသော်ဇင်၏ ရာသီသဘင်**
- **ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း**

## အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့် (ပုံစံ-၇) ရရှိခဲ့သူများ သိရှိနိုင်ရန် ကြေညာချက်

ရက်စွဲ။ ၈-၄-၂၀၂၆

၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် Mandalay Business Capital City Development Ltd., တို့သည် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မန္တလေးမြို့ ရေကြီးရေလျှံမှုလျော့ချနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်ချုပ်ဆိုခဲ့ပြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ကို ၂၀၁၇ ခုနှစ်တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းဧရိယာအတွင်း စီမံကိန်းနှင့် သက်ဆိုင်ခြင်းမရှိသောလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိကြောင်း ညွှန်ကြားချက်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ စိုက်ပျိုး လုပ်ကိုင်ခွင့်များကို မြေ(၁ ဧက)လျှင် ကျပ်သိန်း(၁၅၀၀)နှုန်းဖြင့် သတ်မှတ်ဝယ်ယူပေးခြင်းနည်းလမ်းနှင့်လည်းကောင်း၊ စီမံကိန်းဧရိယာအတွင်း မြို့မြေကွက်များဖြင့် စီမံကိန်းစာချုပ်ပါအတိုင်း လဲလှယ်ပေးခြင်းနည်းလမ်းနှင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါနည်းလမ်းများနှင့် ဆောင်ရွက်ခဲ့ရာ စီမံကိန်းဧရိယာ၏ (၈၅%)ခန့် ဆောင်ရွက်ပြီးမြောက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ အနက် အကြောင်းအမျိုးမျိုးတို့ကြောင့် လာရောက်ရောင်းချခြင်း၊ စီမံကိန်းတွင်ပေါ်ထွက်လာမည့် မြို့မြေကွက်များနှင့် စီမံကိန်းစာချုပ်ပါအတိုင်း လာရောက်လဲလှယ်ခြင်း ဆောင်ရွက်ရန်ကျန်ရှိနေသူများအား မိမိတို့၏စိုက်ပျိုးလုပ်ကိုင်ခွင့်များအတွက် ပြန်လည်ရရှိမည့် ငွေကြေး (သို့မဟုတ်) စီမံကိန်းမြို့မြေကွက်များ လာရောက်ရယူနိုင်ရန် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူ ပြုကော်မတီက (၁၅.၉.၂၀၂၃)ရက်နေ့တွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ (၁၈.၁.၂၀၂၄)ရက်နေ့တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ (၁၁.၁၁.၂၀၂၄)ရက်နေ့တွင် တတိယအကြိမ်အဖြစ်လည်းကောင်း၊ (၁၆.၃.၂၀၂၅) ရက်နေ့တွင် စတုတ္ထအကြိမ်အဖြစ်လည်းကောင်း၊ သတင်းစာများတွင် ကြေညာပေးခြင်း၊ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာချက်ဗီနိုင်းများကပ်ပြီး အသိပေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ ထို့အပြင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီမှ ဖွဲ့စည်းပေးခဲ့သည့် မြေယာဝယ်ယူရေးနှင့် မြို့မြေစလစ်လဲလှယ်ရေးဆပ်ကော်မတီအနေဖြင့် စီမံကိန်းဧရိယာအတွင်းရှိ မြေယာများ လာရောက်ရောင်းချရန် ကျန်ရှိသူများ၊ မြို့မြေကွက်လဲလှယ်ရန် ကျန်ရှိသူများအား (၁၁.၄.၂၀၂၄)ရက်နေ့မှ (၁၃.၇.၂၀၂၄)ရက်နေ့အတွင်း (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ) (၆)ကြိမ် ခေါ်ယူတွေ့ဆုံခဲ့ပြီးဖြစ်ပါသည်။

၅။ ယခုအခါ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိပြီး သတ်မှတ်တန်ဖိုးငွေ လာရောက်ထုတ်ယူရန် (သို့မဟုတ်) မြို့မြေကွက်များနှင့် လာရောက်လဲလှယ်ရန် ကျန်ရှိနေသည့် ကွင်းအမှတ် (၆၀၃၊ ၆၀၄၊ ၆၀၅-က၊ ၆၀၅၊ ၆၀၆-က၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၁(ရွှေကြက်ယက်))အတွင်းရှိ ပုံစံ(၇) ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသည့် စုစုပေါင်းဧရိယာ (၄၈၅.၅၀)ဧက၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပယ်ဖျက်ရုပ်သိမ်းခဲ့ပြီးဖြစ်သည့်အတွက် ပိုင်ဆိုင်မှုအထောက်အထားရှိသူများအနေဖြင့် မိမိတို့၏ စိုက်ပျိုးလုပ်ကိုင်ခွင့် စာရွက်စာတမ်းမူရင်းများဖြင့် အမရပူရမြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီထံ ယခုကြေညာသည့်ရက်မှ ရက်ပေါင်း(၉၀)အတွင်း (၆.၇.၂၀၂၆ ရက်နေ့နောက်ဆုံးထား၍) သတ်မှတ်နှုန်းထားငွေကြေးသော်လည်းကောင်း၊ စီမံကိန်းစာချုပ်ပါအတိုင်း စီမံကိန်းမှပေါ်ထွက်လာမည့် မြို့မြေကွက်သော်လည်းကောင်း ရယူ/ထုတ်ယူနိုင်ရန် နောက်ဆုံးအကြိမ် အသိပေးကြေညာအပ်ပါသည်။

အတွင်းရေးမှူး
အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ

**ဆက်သွယ်ရန်**

- ခရိုင်အုပ်ချုပ်ရေးမှူး၊ အမရပူရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
  ဖုန်းနံပါတ် (၀၉-၂၀၀၉၅၅၆)
- အတွင်းရေးမှူး၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၂၀၀၉၅၅၆)
- အဖွဲ့ဝင်၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၉၆၉၉၈၈၀၁၁ / ၀၉-၉၆၉၉၈၈၈၉၇)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**အင်းတော် ဧပြီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော မြေထောက်ပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ဧက ၃၄၃၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေထောက်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၅၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"အင်းတော်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေထောက်ပဲ ဧက ၃၄၃၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေထောက်ပဲခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

## နောင်မွန်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နောင်မွန် ဧပြီ ၇**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂါတ်ထုကျေးရွာနှင့် ချန်မယကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဧပြီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၇ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၉ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး ကို ငွေကျပ် ၇ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ်သုံးသန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူရှစ်ဦးကို ငွေကျပ်ရှစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၇ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်လျက်ရှိကြောင်း နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ်**
**အောက်တွင်ခံခွက် မမေ့နှင့်**





## အများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါက်တာ သက်ထားဆွေ ၁/ဗမန(နိုင်)၀၉၀၇၅၃ နှင့် ဒေါက်တာ ဇော်ထွန်းလင်း ၉/ခအဇ(ဧည့်)၀၀၀၂၁၆ တို့သည် ၁၅-၅-၂၀၂၄ နေ့တွင် သက်ဆိုင်ရာ တရားရုံးတော်၌ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် (၂-၄-၂၀၂၆)နေ့တွင် နှစ်ဖက်ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်၌ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်နွယ်ပတ်သက်ခြင်း၊ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်မ ဒေါက်တာ သက်ထားဆွေသည် ဒေါက်တာ ဇော်ထွန်းလင်းနှင့် မည်သို့သောပတ်သက်ဆက်နွယ်မှုမျိုးမျှ မရှိတော့ပါကြောင်း အများသူငါသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါက်တာသက်ထားဆွေ
၁/ဗမန(နိုင်)၀၉၀၇၅၃

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ သုံးဆယ်အုပ်စု၊ ဇီးဖြူပင်ရွာနေ ဦးမောင်မောင်ဝင်း၏သား မောင်ရန်နိုင်လင်း၏မိခင်အမည်မှာ ဒေါ်သန်းဝင်း (ခ) ဒေါ်မိုးမိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်သန်းဝင်း (ခ) ဒေါ်မိုးမိုး(၁၃/နခတ(နိုင်)၀၆၀၆၅၈)

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ပွေးတောင်အထကခွဲ၊ Grade-12 ဖြေဆိုထားသော မဇင်မာမိုး၏မိဘအမည်မှာ ဦးမောင်မောင်ဝင်း (ခ) ဦးစံဘနှင့် မိခင်အမည်မှာ ဒေါ်သန်းဝင်း (ခ) ဒေါ်မိုးမိုး တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်မောင်ဝင်း (ခ) ဦးစံဘ
၁၃/နခတ(နိုင်)၀၆၀၆၃၃
ဒေါ်သန်းဝင်း (ခ) ဒေါ်မိုးမိုး
၁၃/နခတ(နိုင်)၀၆၀၆၅၈

## အဖိုးတန်ရေချိုကို ချွေတာပါ

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ပိတ်စွယ်ရပ်ကွက်နေ ဦးစောညွန့် (ဘ) ဦးလှဒင် (၉/မကန(နိုင်)၀၂၅၆၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-721553)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-794382605




## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာ ဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို




အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ နိုင်ငံတော်အနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍများတွင် အာကာသနည်းပညာများကို ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အသုံးချနိုင်ရေးအတွက် မြန်မာအာကာသအေဂျင်စီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ရေတို၊ ရေရှည်စီမံကိန်းများ သတ်မှတ်ပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ပြုလုပ်သော အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တာချီလိတ်မြို့နယ် ပန်ကူကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသည့် တရားမဝင် ပြည်ပနိုင်ငံသား ၁၂၆ ဦးကို လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသား ၁၂၆ ဦးကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် တာချီလိတ်မြို့၏ အနောက်မြောက်ဘက် မီတာ ၁၃၀၀၀ ခန့်အကွာ၊ ပန်ကူကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာနေရာသို့ အရောက်၌ သွပ်မိုး၊ သွပ်ကာ၊ သုံးထပ်သားပြားခင်းအဆောင်များဖြစ်သည့် အလျား ပေ ၁၂၀၊ အနံပေ ၆၀ ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ဆောင်သည့်အဆောင် တစ်လုံး၊ အလျား ပေ ၂၀၀၊ အနံ ပေ ၆၀ ရှိ ချက်ပြုတ်၊ စားဆောင်အပါ စာမျက်နှာ ၂၇ ကော်လံ ၁ ☆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပန်ကူရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြပုံ။




# မန္တလေးမြို့၌ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၀၂ ဘီလီယံခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



နေပြည်တော် ဧပြီ ၇

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံး အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သုံးစွဲမှုများကို စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ စာမျက်နှာ ၂၇ ကော်လံ ၁ ❖

ဧပြီ ၆ ရက်တွင် အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာ၌ တရားခံ နှစ်ဦးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၉၉ ဒသမ ၂၂ သိန်း၊ ဘိန်းဖြူ ၅ ဒသမ ၅ ကီလိုဂရမ် စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၁၅ ဒသမ ၀၂ ဘီလီယံခန့် ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

## ရတနာပုံနေ့စဉ်သတင်းစာ ထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီ ၁၃ ရက် (တနင်္လာနေ့)မှ ဧပြီ ၁၈ ရက် (စနေနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက် (တနင်္ဂနွေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။


MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257